မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၂)

အမျိုးသားညီလာခံစုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်ရမည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် ကိုယ်စားလှယ်များ၏အကြံပြုချက်များ သဘာပတိအဖွဲ့က ရှင်းလင်းတင်ပြ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို အလှည့်ကျသဘာပတိအဖွဲ့က ဆက်လက်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁** ❐

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- ဒို့တာဝန်အရေးသုံးပါးပြည့်စုံနေလျှင် နိုင်ငံတော်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကောင်းမြတ်သည့် အမျိုးသားရေးထူထောင်တည်ဆောက်မှုများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ခေါင်းကြီး(စာ-၂)
- နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်း အားထုတ် အလုပ်လုပ်မှုကြောင့် နိုင်ငံတော်ဖွံ့ ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ လက်ညှိုးထိုးမလွဲ ဖြစ်ထွန်းတည်ရှိလာသည်။

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ဆောင်းပါး(စာ-၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်များအောင်မြင်ရေး တိုင်းရင်းသားပြည်သူများ တပ်မတော်နှင့် လက်တွဲဆောင်ရွက်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထမ်းဆောင်နိုင်ရေးဟူသည့် ဦးတည်ချက်များဖြင့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိရာ ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ အမျိုးသားညီလာခံ၏ အပိုင်းတစ်ပိုင်းကို ကျင်းပခဲ့သည်။

ယခုတစ်ဖန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပရာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါအဖွင့်မိန့်ခွန်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

"တပ်မတော်ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်တော့မှမျက်ကွယ်ပြုမှာမဟုတ်သလို တိုင်းရင်းသားပြည်သူတွေရဲ့ တရားတဲ့ ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေ အောင်မြင်မှုရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်ရှိပြီးရိုးသားတဲ့ တိုင်းရင်းသားပြည်သူတွေနဲ့ သေအတူရှင်မခွဲ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝအောင်မြင်မှုရတဲ့အထိ ကြိုးစားသွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်"

ဟူ၍ ထည့်သွင်းပြောကြားသွားသည်။

တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ဒို့တာဝန်အရေးသုံးပါးကို အတိအလင်းကြေညာပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက် ရှိသည်။

တစ်ဆက်တည်းတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ဘဝ အေးချမ်းသာယာပြီးဖွံ့ဖြိုး တိုးတက်မှု ရှိစေရန်အတွက် လက်တွေ့ကျင့်သုံးဖော်ဆောင်နိုင်မည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ပြီး အဆိုပါဦးတည်ချက်များကို ဟန်ချက်ညီညီ ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၏ စတုတ္ထအချက်ဖြစ်သည့် **"ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး"** ဟူသည့် အချက်သည် တပ်မတော်အစိုးရ၏ နိုင်ငံတော်နှင့် ပြည်သူများအတွက် မြင့်မားစွာထားရှိသည့် နိုင်ငံရေးမျှော်မှန်းချက်ပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံး အဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက် ရှိသည်။

အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်ခြောက်ရပ်အနက် စတုတ္ထဦးတည်ချက်တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို အတိအလင်းထည့်သွင်းပြီး ဆွေးနွေးညှိနှိုင်းလျက်ရှိရာ၌ စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီထွန်းကားရေးကို မျက်ခြည်ပြတ်မခံဘဲ အလေးထားဆောင်ရွက်လျက် ရှိသည်။

စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ပဓာနအကျဆုံး အခြေခံလိုအပ်ချက်သည် အမျိုးသားညီလာခံ၏ ဦးတည်ချက်များအနက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဦးတည်ချက်သုံးရပ်ပင် ဖြစ်သည်။

အဆိုပါ ဒို့တာဝန်အရေးသုံးပါးပြည့်စုံနေလျှင် နိုင်ငံတော်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကောင်းမြတ်သည့် အမျိုးသားရေး ထူထောင်တည်ဆောက်မှုများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အပြည့်အဝ အောင်မြင်မှုရရှိရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီးဖြစ်သော တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့် ခိုင်ခိုင်မြဲမြဲလက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမဝါယမအသင်းစပါးခွံဓာတ်ငွေ့သုံးအင်ဂျင်စက်များ ပြောင်းလဲထုတ်လုပ်မှုလုပ်ငန်း ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းကြည့်ရှု ကျေးလက်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၆ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သန့်စင်လမ်းရှိ မြန်မာ့တီထွင်သူများ သမဝါယမအသင်းလီမိတက်၏ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်များ ပြောင်းလဲထုတ်လုပ်မှု လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးအား မြန်မာ့တီထွင်သူများ သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်များ ပြောင်းလဲထုတ် လုပ်နေမှုအဆင့်ဆင့်ကိုရှင်းလင်းတင်ပြပြီး အင်ဂျင်မြင်းကောင်ရေ ၁၂၀၀/ ၁၄၀၀BHPရှိ "ဟန်ရှင်း"မရိန်း ဒီဇယ် အင်ဂျင်အား စပါးခွံဓာတ်ငွေ့သုံးစက် အဖြစ် ပြုပြင်ပြောင်းလဲထားသည်ကို စမ်းသပ်မောင်းနှင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ဝန်ကြီးအား အသင်းဥက္ကဋ္ဌဦးစိုးတင့်အောင်က တီထွင်ထုတ်လုပ်ပြီးစက်များ မြန်မာပြည်အနှံ့အပြား ပြည်နယ်နှင့်တိုင်းများတွင် တပ်ဆင်အသုံးပြုနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းတွင် ကျေးလက်စီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကျေးလက်လျှပ်စစ်မီးရရှိရန် လိုအပ်ချက်ကို စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရေး တွင်တွင် ကျယ်ကျယ် ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့ အမှတ် (၁၁)ရပ်ကွက်ရှိ မိုးကောင်းကျောင်းတိုက်တွင် ဇန်နဝါရီ၃၀ရက်က သာသနမဏ္ဍိုင်သုံးထပ် သိမ်ကျောင်းတော်ကြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပရာ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရနှင့် အလှူရှင် ဦးအောင်ထိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၉-၂-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ"**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Indian Philosophy "Nastika School" (ဒုတိယနှစ်–ဒဿနိကဗေဒ)
- ၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း–၁၃)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ FA Cup ဘောလုံးပွဲ Bolton Wanderers Vs Fulham

ပခုက္ကူ ဦးအုံးဖေစာသင်ဆု တစ်ပြည်လုံး ဘောဂဗေဒ ပထမဆုရ ကျောင်းသားအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ရန်ကင်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁) သီရိရတနာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က ဆုရ ကျောင်းသား မောင်ဝင်းထက်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးရူးရှင် သဲအင်းဂူ ဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းပွဲကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ်၆ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအား အခမဲ့အခွင့်ဌာန်ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၇ရက်ညနေ အရောက် လာရောက်ကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

ဖွံ့ဖြိုးတိုးတက်နေသော မွန်ပြည်နယ်

**မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)**

**ငှက်ရွှေဟင်္သာ၊
ယဉ်ရှာတင့်လေး။
ကနုတ်နွယ် ခြူးပန်းခက်နဲ့၊
ကြော့ညက်တယ်လေး။
ရာမည တိုင်းဌာနီ၊
မွန်တို့ဆီ သာရဲ့လေး။
ရွှေဟင်္သာ ကြော့ကြော့ထူးတယ်၊
မြူးကြွလို့လေး။ ။**

(မောင်ယဉ်နွယ်)

အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ အရုဏ်ဦး ရောင်ခြည်လင်းတန်းများသည် တရိပ်ရိပ် မြင့်၍မြင့်၍ တက်လာနေသည်။ ထိုအလင်းတန်းများကြောင့် ပတ်ဝန်းကျင် တစ်ခွင်လုံး မြူတိမ်ကင်း၍ သန့်ရှင်းသာယာလာသည်။

စာရေးသူတို့ ကားလေးသည် နံနက်ဝေလီဝေလင်းတွင် စစ်တောင်းတံတားကြီးကို ဖြတ်ကျော်လိုက်သည်။ အေးချမ်းသာယာသော ပုံရိပ်ကြောင့် စစ်တောင်းတံတားကြီးနှင့် ဘီးလင်းတံတားတို့ကို ၂၄နာရီဖြတ်ကျော်လို့ ရနေပြီ။ စစ်တောင်းကို ကျော်လျှင် ထမင်းဆိုင်တွေပေါသည့် ဟင်းမျိုးစုံသော ရဂုံသာမော မုပ္ပလင်ကြောကို ရောက်ခဲ့သည်။ မုပ္ပလင်မှ ကျိုက်ထို ၁၂မိုင်ခရီးကို မောင်းနှင်ခဲ့ပြီး ကျိုက်ထိုလမ်းခွဲမှ ကျိုက်ထီးရိုးတောင်ခြေရင်း ကင်မွန်းစခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့သည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးသည် ရေတံခွန်၊ စိမ့်စမ်း၊ တောရိပ်၊ တောင်ရိပ်များဖြင့် သာယာလှပ ထူးဆန်းအံ့ဩဖွယ် ရှိလှသည်။ နက်ရှိုင်းသော တောတောင်အလယ်တွင် ပေါင်းလောင်းတောင်တန်းကြီးပေါ်၌ သပ္ပာယ်စွာ တည်ရှိနေသည်။ အနောက်ဘက်နှင့် တောင်ဘက်ခပ်ဝေးဝေးတွင်တော့ မြွေကြီးတစ်ကောင် လဲလျောင်းနေသည့်အလား စစ်တောင်းမြစ်ကြီးက ပတ်ရံစီးဆင်းလျက်ရှိသည်။ မြူခိုးတိမ်တိုက်များကြားတွင် ဆံတော်ရှင်စေတီတော်က သပ္ပာယ်စွာ တည်ရှိနေသည်။

တောင်ခြေရင်း ကင်မွန်းစခန်းမှ ရင်ပြင်တော်အထိ ကားဖြင့် တက်ရောက်၍ ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ခဲ့သည်။

ချောမွေ့သာယာနေသော ကွန်ကရစ်လမ်းပေါ်တွင် တိုင်းရင်းသားများနှင့် ကမ္ဘာလှည့် ဘုရားဖူးခရီးသည်များအား လမ်းလျှောက်စကားပြောစက်များဖြင့် ကြိုဆိုစောင့်ရှောက် ပို့ဆောင်ပေးနေသည်ကို တွေ့မြင်ခဲ့ရသည်။

မွန်ပြည်နယ်အတွင်းတွင် မွန်၊ ကရင်၊ ပအိုဝ်း၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ရခိုင်၊ ဗမာ စသော တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် မြန်မာတိုင်းရင်းသားအားလုံးတို့သည် စိတ်ဓာတ်ကောင်းခြင်း၊ လုပ်ရည်ကိုင်ရည်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်းတို့နှင့် ပြည့်စုံပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်လုပ်ကြသူများ ဖြစ်သည်။

စာရေးသူတို့သည် ကျိုက်ထီးရိုးတောင်ပေါ်မှဆင်းပြီး မုတ္တမဘက်သို့ ဦးတည်၍ မောင်းနှင်လာသည်။ "ရာမညတိုင်းဌာနီ၊ မွန်တို့ဆီသာရဲ့လေး" ဟူသည့်အတိုင်း မွန်ပြည်နယ်သည် အေးချမ်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်နေသည်။

မွန်ပြည်နယ်အတွင်းတွင် မွန်၊ ကရင်၊ ပအိုဝ်း၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ရခိုင်၊ ဗမာ စသော တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် မြန်မာတိုင်းရင်းသား အားလုံးတို့သည် စိတ်ဓာတ်ကောင်းခြင်း၊ လုပ်ရည်ကိုင်ရည်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်းတို့နှင့် ပြည့်စုံပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်လုပ်ကြသူများဖြစ်သည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းအားထုတ် အလုပ်လုပ်မှုကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ လက်ညှိုးထိုးမလွဲ ဖြစ်ထွန်း တည်ရှိလာသည်။

စာရေးသူတို့ကားကလေးသည် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၅ ရက် နံနက်တွင် ကျင်းပမည့် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားဆီသို့ ဦးတည် မောင်းနှင်နေခြင်းဖြစ်သည်။

ဤသံလွင်တံတား(မော်လမြိုင်)ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုအရ တည်ဆောက်နိုင်ရန်အတွက် ၁၉၉၈ခုနှစ်၌ မြေစမ်းသပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

၂၀၀၀ပြည့်နှစ် မတ်လ ၁၈ရက်နေ့တွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် မင်္ဂလာရှိစွာဖြင့် ဤတံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)သည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ပေးသည့် ပေ ၁၈၀နှင့်အထက် တံတားကြီးများအနက် (၁၇၉)စင်းမြောက် တံတားကြီးဖြစ်သည်။ မြန်မာ့မီးရထားက ခုနစ်စင်း၊ တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တစ်စင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းက သုံးစင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် သုံးစင်း ဆောက်လုပ်ပြီးဖြစ်ရာ မျက်မှောက်ခေတ်၌ ပေ ၁၈၀ အထက်တံတားကြီး အစင်း၂၀၀ တိတိ ဖြစ်ထွန်းအကျိုးပြုလျက်ရှိသည်။

သံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးသည် ဒေသခံပြည်သူများအနေဖြင့် ခေတ်အဆက်ဆက်က မျှော်မှန်းတမ်းတခဲ့ကြရသည့် အိပ်မက်တံတားအဖြစ်မှ မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် ကိုယ်ပိုင်အစွမ်းအစဖြင့် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့် တံတားကြီးအဖြစ် ဝင့်ဝင့်ကြွားကြွားဖြင့် အကောင်အထည် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ သံလွင်တံတား (မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားကျင်းပသည့်နေ့သည် မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားနိုင်သည့် နေ့တစ်နေ့ဖြစ်သည်။

နှင်းမှုန်တွေ ဝေ့ဝေ့ဝဲဝဲကြားတွင် တံတားဖွင့်ပွဲအမီ စာရေးသူတို့ ရောက်ရှိခဲ့ကြသည်။ စုစုပေါင်းအင်အား ၂၅၀၀၀ ကျော်သော ဧည့်ပရိသတ်ကြီးနှင့်အတူ မြန်မာပြည်၏အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီးကို စာရေးသူတို့ မျက်ဝါးထင်ထင် ရင်ဝယ်တသိမ့်သိမ့်ဖြင့် တွေ့မြင်ခဲ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်လာကြသည့် ပြည်သူလူထုအား နှုတ်ခွန်းဆက်စကား ပြောကြားရာ၌-

"မိမိတို့သည် သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူများနှင့်အတူ တက်ရောက်အားပေးချီးမြှင့်ရန် မော်လမြိုင် မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသော လူထုကြီး ကျန်းမာချမ်းသာစေရန်၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ဆက်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဤဒေသအတွက်၊ တိုင်းပြည် အတွက် မင်္ဂလာရှိပြီး အကျိုးပြုသည့် ဤတံတားကြီး တည်ဆောက် ပေးချင်သည်မှာ နှစ်ကာလ ကြာပြီဖြစ်ကြောင်း။

သို့ရာတွင် အခက်အခဲများရှိနေသည့်အတွက် ချက်ချင်း အကောင်အထည် မဖော်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ငွေရေးကြေးရေး အခက်အခဲနှင့် အတတ်ပညာ အခက်အခဲတို့ကြောင့် အခြေအနေ၊ အချိန်အခါကို စောင့်ဆိုင်းနေခဲ့ရကြောင်း။

ယခုအခါ တိုင်းပြည်၏ စီးပွားရေးမှာ အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသကဲ့သို့ အတတ်ပညာပိုင်း အနေဖြင့်လည်း တံတားအသေးစား၊ အလတ်စား၊ အကြီးစားတို့ကို တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်လာနိုင်သည်နှင့်အမျှ အတတ်ပညာနှင့် အတွေ့အကြုံများကို စုဆောင်းလာနိုင်သဖြင့် ယခုကဲ့သို့ တံတားကြီးမျိုးကို စတင်တည်ဆောက်လာနိုင်အား ရှိလာကြောင်း။

မည်သို့သော အခက်အခဲမျိုးကို ကြုံတွေ့သည်ဖြစ်စေ တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအင်အားတို့ ခိုင်မာစွာရှိနေရန် အရေးကြီးကြောင်း။

ယင်းအင်အားနှစ်ရပ်ဖြင့်ပင် ကြုံတွေ့ရသော အခက်အခဲ မှန်သမျှကို မိမိတို့ ကျော်လွှားနိုင်ကြောင်း၊ ယခု ဤတံတားကြီးကို အောင်မြင်ပြီးမြောက်စွာ တည်ဆောက်နိုင်သည်မှာလည်း အခြေခံအားဖြင့် ယင်းအင်အားနှစ်ရပ်ကြောင့်ပင် ဖြစ်ကြောင်း။

ဤဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး စိတ်ချမ်းသာစွာ သွားနိုင်၊ နေနိုင်၊ စားနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ဤတံတားကြီး ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။"

မိန့်ကြားသွားသည်။

သံလွင်တံတား(မော်လမြိုင်)သည် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်နှင့် မုတ္တမတို့အကြား သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ်တို့ဆုံရာ ရေစီးသန်ပြီး လှိုင်းဝဲဂယက်ထန်သည့် မြစ်ပြင်ကျယ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားကြီးဖြစ်သည်။

ဤတံတားကြီးမရှိခင်က မုတ္တမတစ်ဖက်ကမ်းနှင့် မော်လမြိုင်မြို့သည် သံလွင်မြစ်ကြီးခြားနေမှုကြောင့် အမြင်နီးပါလျက် ခရီးဝေးနေခဲ့ရသည်။ ရာသီဥတုပြင်းထန်၊ လှိုင်းလေလည်း ထန်လေ့ရှိသဖြင့် ပြည်သူများနှင့် ရင်သွေးငယ်ကျောင်းသူ ကျောင်းသားများသည် နေ့စဉ်နှင့်အမျှ အန္တရာယ်ကြားမှ ဆက်သွယ်လှုပ်ရှား သွားလာနေခဲ့ကြရသည်။ သွားရေး၊ လာရေး ခရီးကြန့်ကြာသည့်အပြင် မကြာခဏဆိုသလို အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အတွက် ခရီးလမ်းပန်းဖြောင့်ဖြူး ပြေပြစ်ခြင်း မရှိခဲ့ပေ။ ယခုကဲ့သို့ တံတားကြီးကို အောင်အောင်မြင်မြင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်သဖြင့် မုတ္တမနှင့် မော်လမြိုင် အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီဖြစ်သည်။ ကူးလူးဆက်ဆံသွားလာမှု၊ ကုန်စည်စီးဆင်းမှု စသည်တို့ဖြင့် နိုင်ငံနှင့်ပြည်သူကို ဘက်စုံအကျိုးပြုပေးနေပြီဖြစ်သည်။

မျက်မှောက်ခေတ်တွင် မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့အတွက် အဓိကအရေးပါသည့်လမ်းများကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ပေးခဲ့သည့် မြို့နယ်များအတွင်း ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်သည့် လမ်းများကိုလည်း နိုင်ငံတော်က ဖောက်လုပ်ပေးခဲ့သည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်အတွက် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ ၁၉၈၈ခုနှစ်တွင် လမ်းမိုင် ၉၈၈မိုင်ရှိရာမှ ပြည်ထောင်စုလမ်းမကြီး ၃၁၈မိုင် ၄ဖာလုံ အပါအဝင် ၂၆၁၅မိုင် ရှိလာသလို မီးရထားလမ်းပိုင်းအနေဖြင့် ၂၇၆မိုင်မှ ၂၉၃မိုင်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

သံလွင်တံတား(မော်လမြိုင်)သည် ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်းပါရှိသော တံတားဖြစ်သည်။ ရထားလမ်းရော ကားလမ်းကိုပါ တံတားသံပေါင်အတွင်း ထည့်သွင်းတည်ဆောက်ပေးထားသည်။ အပေါ်ထည် သံမဏိသံပေါင်၊ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်အမျိုးအစား ဖြစ်သည်။

တံတား၏ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး ရထားလမ်းအကျယ်မှာ ၁၄ပေရှိသည်။ တံတား၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၃၂၈ပေနှင့် အမြင့် ၄၆ပေရှိသည်။

ပင်မတံတားမှာ ၇၆၉၉ပေ ရှည်သည်။ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ပေရှည်ပြီး မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ပေရှိကာ စုစုပေါင်း ကားလမ်းတံတား၏ အရှည်မှာ ၁၁၅၇၅ပေ ရှိသည်။

သံလွင်တံတား(မော်လမြိုင်)သည် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိသည့် တံတားကြီးဖြစ်သည်။ တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၀၀ပြည့်နှစ် မတ်လ ၁၈ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့သည်။

သံလွင်တံတား(မော်လမြိုင်)သည် မော်တော်ကားလမ်းအနေဖြင့် နှစ်မိုင်ကျော်၊ ရထားလမ်းအနေဖြင့် လေးမိုင်ကျော်ရှည်လျားသည်။

ကြီးမားရှည်လျားသည့် တံတားကြီးကို တည်ဆောက်ထားသည့်နေရာသည် မြစ်ဆုံမြစ်ဝဖြစ်သည့်အတွက် ရေစီးသန်ပြီး မြစ်ပြင်ကျယ်သည်။ နက်ရှိုင်းပြီး ဝဲဂယက်ထူပြောသည်။ ဤအနေအထားမျိုးတွင် ဆောက်လုပ်ရေးအင်ဂျင်နီယာပညာရှင်များသည် တံတားတည်ဆောက်ရေးလုပ်ငန်းကို ပြီးစီးအောင်မြင်အောင် ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား ကြံစည်လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်သည်။ ဤတံတားကြီး အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်နှင့်အတူ အတတ်ပညာရှင်၊ အသိပညာရှင်များ၊ တိုင်းရင်းသားပြည်သူ ပူးပေါင်း လက်တွဲမှုဖြင့် နိုင်ငံတော်တည်ဆောက်ရေး အောင်ပွဲအလီလီကို ရယူလျက်ရှိကြောင်း မီးမောင်းထိုးပြနေပေသည်။

မွန်ပြည်နယ်အတွင်း အတ္တရံတံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ ရေးတံတား၊ ဒုံသမိတံတား စသည်များကို တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ယနေ့ဆိုလျှင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အကြား မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအကြား ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်ချောမွေ့နေပြီဖြစ်သည်။

ဤသံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးသည် မျက်မှောက်ခေတ် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှု၊ နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်အလုပ်လုပ်မှုနှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်း၍ ဖော်ဆောင်နိုင်စွမ်းရှိကြောင်းကို အထင်အရှား ပြဆိုနေပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

နိုင်ငံတော်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် သံလွင်မြစ်ကိုဖြတ်ကျော်၍ တည်ဆောက်ပေးထားသော အရှည် ၁၁၅၇၅ ပေ (နှစ်မိုင်ကျော်)ရှိ ကားရော၊ရထားပါ ဖြတ်သန်းသွားလာနိုင်သည့် သံလွင်တံတား(မော်လမြိုင်)ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍများတွင် အာဆီယံပိုမိုပေါင်းစည်းရေး စင်ကာပူ-အင်ဒိုနီးရှား ခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားမည်

စင်ကာပူ ဖေဖော်ဝါရီ ၁၈

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပေါင်းစည်းရေးအတွက် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ကြရန် စင်ကာပူသမ္မတ အက်စ်အာရ်နာသန်က အင်္ဂါနေ့၌ တိုက်တွန်းလိုက်သည်။

စင်ကာပူနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတ ဆူဆီလို ဘန်းဘန်းယူဒိုယိုနိုအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် စင်ကာပူသမ္မတ အက်စ်အာရ်နာသန်က ယင်းသို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

စီးပွားရေး ပြောင်းလဲချက်များသည် အာရှတွင် မဟာဗျူဟာအနေအထားကို ပြန်လည်ပုံဖော်နေချိန်တွင် ယင်းသို့အာဆီယံ၏ နိုင်ငံရေးနှင့်စီးပွားရေး ပူးပေါင်းမှု ခိုင်မာအောင် အတူတကွ ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း နာသန်က ပြောကြားသည်။

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ပြောကြားရာ၌ သမ္မတက အကောင်းဆုံး အနေအထား၌ရှိကြောင်း ပြောကြားသည်။ စင်ကာပူနိုင်ငံသည် ၂၀၀၂ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ခဲ့ပြီး ၂၀၀၃ ခုနှစ်၌ စင်ကာပူနိုင်ငံ၏ ကုမ္ပဏီများသည် အင်ဒိုနီးရှားတွင် စီမံကိန်း ၁၅၄ခုကို ရင်းနှီးမြှုပ်နှံခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အာချေးပြည်နယ် ပြန်လည်ထူထောင်ရေးကို အင်ဒိုနီးရှားနိုင်ငံက ကြိုးပမ်းရာတွင် စင်ကာပူနိုင်ငံက အတတ်နိုင်ဆုံး အကူအညီပေးသွားမည်ဟု သမ္မတ နာသန်က ကတိခံခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုတိုးတက်

စင်ကာပူ ဖေဖော်ဝါရီ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တို့၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုနှင့် ပေါင်းစည်းမှုများသည် လာမည့်နှစ်၂၀တွင် ဒေသ၏ကြီးမားသော အင်အားစုကြီးတစ်ရပ်အဖြစ် အာရှကို အထောက်အကူပေးနိုင်တော့မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

တိုးတက်

တရုတ်နှင့် အာဆီယံ ကုန်သွယ်မှုသည် လွန်ခဲ့သည့် ၁၉၉၇ခုနှစ်ကတည်းက လေးဆကျော်တိုးတက်ခဲ့ရာ လာမည့် ၂၀၁၀ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်မည့် နှစ်ဦးနှစ်ဖက် လွတ်လပ်စွာကုန်သွယ်ရေး ဒေသထူထောင်ပြီးချိန်တွင် အဆပေါင်းများစွာ တိုးတက်လာမည်ဖြစ်ကြောင်း စင်ကာပူတွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်၌ မစ္စတာဂိုချောက်တောင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ငါးခိုးဖမ်းသူများကို ပြင်းပြင်းထန်ထန် နှိမ်နင်းသွားရန် အင်ဒိုနီးရှားရေတပ်အား တိုက်တွန်းမှာကြား

ဂျကာတာ ဖေဖော်ဝါရီ ၁၆

အင်ဒိုနီးရှား ရေပြင်ပိုင်နက်အတွင်း ငါးခိုးဖမ်းသောရေယာဉ်များကို နစ်မြှုပ်ပစ်ခြင်းဖြင့် တရားမဝင် ငါးဖမ်းခြင်းကို ဆုံးခန်းတိုင်သည်အထိ ဆောင်ရွက်ရန် အင်ဒိုနီးရှားရေတပ်အား တနင်္လာနေ့၌ တိုက်တွန်းထားကြောင်း အန်တာရာသတင်းဌာနက ပြောကြားသည်။

တရားမဝင် ငါးဖမ်းရေယာဉ်များအားတွေ့လျှင် ပစ်ဟူသောမူဝါဒကို ဆက်ကျင့်သုံးမည်ဖြစ်ကြောင်း၊ တရားဥပဒေကြောင်းအရ ဆောင်ရွက်သည့်လုပ်ငန်းစဉ်သည် ခိုးယူဖမ်းဆီးသူများအား အခွင့် အရေးရစေခြင်းကြောင့်ဖြစ်သည်ဟု အောက်လွှတ်တော်အမတ် အမ်ရစ်ဟာဆန်က ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘာနာ့ဒ်ကင်ဆွန်ဒက်ခ်အား အစည်းအဝေး၌ ပြောကြားသည်။

ဆုံးရှုံး

ယင်းမူဝါဒသည် ငါးခိုးဖမ်းသူများအား ဟန့်တားရာတွင် ပိုမိုအကျိုးထိရောက်သည်ဟု ၎င်းက ပြောကြောင်း အန်တာရာသတင်းဌာနက ရေးသားသည်။ တရားမဝင် ငါးဖမ်းခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ဆုံးရှုံးခဲ့ပြီး အစိုးရက ယင်းဆုံးရှုံးမှုကို ဒေါ်လာတစ်ဘီလီယံထိ လျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

ဖမ်းဆီးနိုင်

အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ် ငါးတန်ချိန် ၇ဒသမ ၈သန်းခန့်နှင့် မွေးမြူရေးငါးတန်ချိန် ၄၈သန်း ဖမ်းဆီးရနိုင်စွမ်းရှိပြီး ကမ္ဘာ၌ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ပီရူးနိုင်ငံတို့ပြီးလျှင် ပဉ္စမမြောက် အကြီးမားဆုံး ငါးလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရိုးရာဝတ်စုံ

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ သန်ဖန်ခရိုင်ရှိ တင်ထရီယူကျေးရွာတွင် ရိုးရာဓလေ့ဝတ်စုံကို ဝတ်ဆင်လျက် နွေဦးပွဲတော် ဆင်နွှဲနေသော ဗီယက်နမ်လူငယ်များအား ဖေဖော်ဝါရီ ၁၇ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း ကင်နပ်စ်မြို့တွင် ပြုလုပ်သည့် ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်းဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် ခင်းကျင်းပြသထားသည့် မိုဘိုင်းလ်ဖုန်းသစ်များကို ဖေဖော်ဝါရီ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်မှ ဆီးရီးယားတပ်များ ရုပ်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် ဆော်သြ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၇

လက်ဘနွန်မှ ဆီးရီးယားတပ်များ ဧပြီလတွင် စတင်ရုပ်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့၌ ဆော်သြလိုက်သည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ လုံခြုံရေးကောင်စီက နိုင်ငံခြားတပ်များအားလုံး လက်ဘနွန်သို့ သွားရောက်ရန် တိုက်တွန်းလိုက်သည်။

ပိုမိုအဆင်ပြေ

မိမိတို့သည် ပိုမိုတိုးတက်မှုများကို မြင်တွေ့လိုကြောင်း၊ ယင်းကို လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၅၅၉အရ ဆောင်ရွက်သွားစေခြင်းဖြင့် ဆီးရီးယားနှင့် လက်ဘနွန်တို့ကို ပိုမိုအဆင်ပြေသွားမည်ဖြစ်ကြောင်း အာနန်က သတင်းထောက်များကို ပြောကြားသည်။

ပေးအပ်

အာနန်၏ အထူးသံတမန် တာရီရို့ဒ်လာဆင်သည် ၁၅၅၉ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရေးအတွက် ပြီးခဲ့သော သီတင်းပတ်က ဒမက်စကတ်နှင့် ဘေရွတ်မြို့များသို့ သွားရောက်ခဲ့ပြီး အာနန်ပေးပို့သည့် သဝဏ်လွှာများကို ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်နှင့် လက်ဘနွန်သမ္မတ အီမိုင်းလာဟုဝ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းဆုံးဖြတ်ချက်ကို စက်တင်ဘာလက ချမှတ် ခဲ့ပြီး လက်ဘနွန်မှကျန်ရှိသော နိုင်ငံခြားတပ်ဖွဲ့ ရုပ်သိမ်း ရေး၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်အားလုံး ဖျက်သိမ်းပြီး အစိုးရကနိုင်ငံတစ်ဝန်းလုံးကိုပိုမိုထိန်းချုပ်သွားရေးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှန်ကျင်း မြူနီစီပယ်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးလာခဲ့

ရှန်ကျင်း ဖေဖော်ဝါရီ ၁၇

ဒေသအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်အတွက် ရှန်ကျင်း မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့က ချမှတ်ခဲ့သော မူဝါဒများသည် ၂၀၀၄ ခုနှစ်အတွင်း၌ နိုင်ငံခြားငွေကြေးပံ့ပိုးသည့် ကုမ္ပဏီအရေအတွက်ကို တိုးလာအောင် ဆွဲဆောင်မှုပေးခဲ့ကြောင်း ရှန်ကျင်း ကုန်သွယ်ရေးကော်မရှင်က ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

ဖော်ပြ

ရှန်ကျင်း မြူနီစီပယ်ဒေသသည် ၂၀၀၄ ခုနှစ်အတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅ ဒသမ ၅၉ဘီလီယံ ဆွဲဆောင်ခဲ့ကြောင်း၊ နှစ်ချင်းအလိုက် ၅၉ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အဆိုပါစာရင်းဇယားများက ဖော်ပြသည်။

ထို့ပြင် ၂၀၀၄ခုနှစ်အတွင်း၌ နိုင်ငံခြားငွေကြေးပံ့ပိုးသည့် ကုမ္ပဏီ ၁၁၀၂ခု ရှိခဲ့ကြောင်းလည်း ရှန်ကျင်းမြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုထားကြောင်း စာရင်းဇယားများအရ သိရသည်။

ဒေါ်လာ ၃ ဒသမ ၄ဘီလီယံ ဆွဲဆောင်ခဲ့သော စက်မှုကုန်ထုတ်ကဏ္ဍသည် အဓိကကျသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍဖြစ်ခဲ့ပြီး အီလက်ထရွန်းနစ်ပစ္စည်းထုတ်လုပ်မှုသည် ရှန်ကျင်း မြူနီစီပယ်ဒေသအတွက် ဒေါ်လာ ၁ဒသမ ၄ ဘီလီယံရရှိအောင် ဆွဲဆောင်မှုပေးခဲ့ပြီး ရှန်ကျင်းမြို့၏ ကားလုပ်ငန်းကဏ္ဍက ဒေါ်လာသန်း ၆၁၀ ဆွဲဆောင်မှုပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အမိဋ္ဌာန်

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

ဝိဇ္ဇာတမဂ်လာနှင့်စာအောင်ဆုနှင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်းဆရာတော် ဘဒ္ဒန္တကေသလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၏ မွေးနေ့ ဝိဇ္ဇာတမဂ်လာနှင့် ခေမာကာရီပရိယတ္တိစာမေးပွဲစာအောင်ဆုနှင်းပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက် (ဖေဖော်ဝါရီ ၂၇ရက်) တနင်္ဂနွေနေ့ နံနက် ၇နာရီခွဲတွင် ခေမာသီဝံကျောင်း၌ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်စိန်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ကျောဖုံးမှ

အဆိုပါ ညစာစားပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်ပနိုင်ငံများရှိThe Yomiuri Shimbun၊ Fuji Television Network Inc.၊ Tokyo Broadcasting System (TBS)၊ The Nishi-nippon Newspaper Co.၊ The Sankei Shimbun၊ N.H.K၊ The Mainichi Newspaper၊ Nippon Television Network Corp. (NTV)၊ The Tokyo Shimbun၊ Kyodo၊ Asahi Shimbun၊ VOA၊ EPA၊ TV Asahi News၊ AFP၊ Ji Ji Press၊ Reuter၊ A.P နှင့် Kyodoသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၆ နာရီခွဲတွင် ကရဝိက်နန်းတော်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အမျိုးသားညီလာခံ သတင်းရယူရန်လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အမျိုးသားညီလာခံ သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်ခံဖျော်ဖြေ

ညစာသုံးဆောင်နေစဉ်အတွင်း ကရဝိက်နန်းတော်မှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံတွင် သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ပွဲတွင် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံတွင် သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော စာအုပ်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းမိသားစုများ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဏိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီး ဒေါ်ခင်မာအေးတို့က နာယကချုပ်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ ဆရာတော် သံဃာတော်များအတွက် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော် ငွေကျပ် နှစ်သိန်းနှစ်သောင်းကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ဖျော်ဖြေတင်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက ဖျော်ဖြေရေးအစီအစဉ်များဖြင့် စီစဉ်တင်ဆက်လျက်ရှိရာ ယမန်နေ့ ည ၇နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီကျော်ဟိန်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ပါဝင် သရုပ်ဆောင်ထားကြသည့် "နေကမွေးတဲ့လ" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်သည်။

ဖျော်ဖြေတင်ဆက်

ယနေ့ ညပိုင်းတွင်လည်း ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း ရိုက်ကူးပြီး ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီမြင့်မြင့်ခိုင်နှင့် ခိုင်နှင်းဝေတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် "ဆန်ရေ" ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ပျော်ရွှင်စွာအပန်းဖြေ

ထို့အပြင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် ဝါသနာပါရာ အားကစားနည်းများကို လေ့ကျင့်ကစားနိုင်ရန် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမအတွင်း၌ ကြက်တောင်ရိုက်ကစားကွင်း လေးကွင်း၊ စားပွဲတင်တင်းနစ် လေးနေရာနှင့် ခန်းမဘေး၌ ဘော်လီဘောကွင်း တစ်ကွင်းတို့ကို လည်းကောင်း၊ အမျိုးသားဧည့်ဆောင်နားနေခန်းများ၌ ဘိလိယက်ခုံ နှစ်ခုံနှင့် အမျိုးသားအိပ်ဆောင်အနီး၌ ကိုက် ၂၀၀ ဂေါက်သီးရိုက်လေ့ကျင့်ရေးစခန်း တစ်ခုတို့ကိုလည်းကောင်း စီစဉ်ထားရှိပေးထားရာ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယမန်နေ့နှင့် ယနေ့တို့တွင် စုံညီအစည်းအဝေးအပြီးတွင် မိမိတို့ဝါသနာပါရာ အားကစားနည်းများကို လေ့ကျင့်ကစားခြင်းဖြင့် ပျော်ရွှင်စွာအပန်းဖြေကြသည်။

(သတင်းစဉ်)

လေ့ကျင့်ကစား

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်မှုများ လေ့ကျင့်ကစားကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု နိုင်ငံအတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟူသော အခြေခံမူများချမှတ်ခဲ့

* ကျောဖုံးမှ

ဥပဒေပြုစာရင်း အချက်အလက်ကဏ္ဍ ၁၁ခုထဲမှ နိုင်ငံရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှာကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက "နိုင်ငံတော်က စဉ်ဆက်မပြတ် ကျင့်သုံးနေသည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ရှင်သန်စေပြီး နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံနိုင်ရေးကို ရှေးရှုကာ အမျိုးသားညီလာခံက နိုင်ငံခြားရေးနှင့် စပ်လျဉ်းပြီး ချမှတ်ထားသည့် အခြေခံရမည့်မူများဟာဆိုလျှင်

- နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။
- နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်း မပြု၊
- နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု

တို့ဖြစ်ပါကြောင်း။

ဤသို့ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများနှင့် အညီ နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ ဥပဒေပြုခွင့်အာဏာအတွက် အသေးစိတ် အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းကြရတော့မည်ဖြစ်ကြောင်း။

အခု မိမိရှင်းလင်းတင်ပြသွားသည့် နိုင်ငံရေးကဏ္ဍအောက်တွင် ပါရှိသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတိုင်းလိုလိုမှာပင် သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံးဥပဒေအဖွဲ့အစည်းများကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း ကမ္ဘာ့နိုင်ငံအတော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါတွင် တွေ့ရှိရပါကြောင်း။

ရှင်းလင်းပြောကြား

ထို့ကြောင့် မိမိတို့နိုင်ငံအတွက်လည်း အောက်ပါနိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြရန်ဖြစ်ကြောင်း။

၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ၊
၂။ ကုလသမဂ္ဂ၊
၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊
၄။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊
၅။ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊
၆။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊
၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး

တို့ဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဖော်ပြရှင်းလင်းချက်များနှင့်စပ်လျဉ်း၍ ညီလာခံအစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက "နိုင်ငံခြားရေးနှင့် ပတ်သက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာထားရှိခြင်းသည် နိုင်ငံအများစုတွင် ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများဖြစ်သည့်အတွက် သင့်လျော်ကြောင်း တွေ့ရှိရပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုပအိုဝ်းအမျိုးသားများ

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စု ပအိုဝ်းအမျိုးသားများအဖွဲ့ချုပ်က "မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံခြားရေးဝါဒကိုကျင့်သုံးရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ ကိုလိုနီနယ်ချဲ့ဝါဒ၊ ကိုလိုနီလက်သစ်ဝါဒီများကိုဆန့်ကျင်ရေး၊ လူမျိုးခွဲခြားရေး၊ အသားအရောင်ခွဲခြားရေးဝါဒဆန့်ကျင်ရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ မကျူးကျော်ရေးနှင့် စိုးမိုးခြယ်လှယ်ခြင်းမပြုရေးတို့အတွက် တက်ကြွစွာဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး၊ ဒေသတွင်းနှင့် အိမ်နီးနားချင်းနိုင်ငံများ မိတ်ဝတ်မပျက်ပေါင်းသင်း ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အစဉ်လေးစားလိုက်နာ စောင့်ထိန်းလျက်ရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံအတော်များများတွင် သံအမတ်များ၊ ကောင်စစ်ဝန်များ၊ ကူးသန်းရောင်းဝယ်ရေးကိုယ်စားလှယ်များ ခန့်ထားပေးလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ညီလာခံများကိုလည်း ပါဝင်တက်ရောက်ပြီး မိမိနိုင်ငံမှာ အကောင်အထည်ဖော် ထမြောက်စေရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအသီးသီး၏ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး စာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ ခရီးသွားလိုသူများအတွက် နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာများကို လူဝင်မှုကြီးကြပ်ရေးဥပဒေအရ သက်သေခံလက်မှတ်ထုတ်ပေးရမည်ဖြစ်ပါကြောင်း။

မိမိနိုင်ငံမှ ပြစ်မှုကျူးလွန်သူသည် အခြားနိုင်ငံသို့လည်းကောင်း၊ အခြားနိုင်ငံမှ ပြစ်မှုကျူးလွန်သူသည် မိမိနိုင်ငံသို့လည်းကောင်း ဝင်ရောက်ခိုလှုံနိုင်စရာအကြောင်း ရှိနိုင်သည့်အတွက် ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေးစာချုပ်များ ချုပ်ဆိုရနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးနှင့်စပ်လျဉ်းပြီး ဥပဒေပြုနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတဲ့ အချက်ခုနစ်ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါတယ်။

မြို(ခေါ်)ခမိအမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့က "လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ နိုင်ငံခြားရေးဆိုင်ရာအကြောင်းကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များသည် ဆီလျော်သင့်မြတ်မှုရှိကြောင်းတွေ့ရပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဖော်ပြပါအချက်များအား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက

"(၁) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊
(၂) နိုင်ငံခြားရေးကဏ္ဍ၊
(၃) တရားစီရင်ရေးကဏ္ဍ

တို့သည် နိုင်ငံတစ်နိုင်ငံလုံး၏ အရေးကိစ္စအတွက် ဆောင်ရွက်ရန်သင့်လျော်သည့် လုပ်ငန်းအခန်းကဏ္ဍများဖြစ်သဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအတွက် လျာထားသည့်အသေးစိတ်အခြေခံရမည့်မူခုနစ်ချက်၊ နိုင်ငံခြားရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ ခုနစ်ချက်၊ တရားစီရင်ရေးကဏ္ဍ အတွက်လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ ၁၁ချက်တို့သည် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ထည့်သွင်း ဖော်ပြထားခြင်းသည် မှန်ကန်သင့်လျော်သည်ကိုတွေ့ရှိရပါကြောင်း"ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်က "နိုင်ငံခြားရေးကဏ္ဍနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် အချက်ခုနစ်ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ကြောင်းတင်ပြအပ်ပါကြောင်း"ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက "နိုင်ငံတော်က စဉ်ဆက်မပြတ်ကျင့်သုံးနေသော လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒကို ဆက်လက်ရှင်သန်စေရေးနှင့် နိုင်ငံတကာနှင့်မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုပြီး နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများကိုချမှတ်ပြီးဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင်လည်း အခြေအနေမှန်ကို လွတ်လပ်စွာ ဝေဖန်သုံးသပ်ဆုံးဖြတ် ဆောင်ရွက်သည့်အပြင် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်းပီသစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံလျက်ရှိရာ လူလူချင်းတန်းတူရည်တူရှိမှု၊ နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို အစဉ်လေးစားလိုက်နာ စောင့်ထိန်းလျက်ရှိသည့် နိုင်ငံတော်၏ နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ သဘောထားအမြင်များကို ဖော်ဆောင်ထားသည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ဖော်ပြချက်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြလိုကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

'ဝ'အမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "မိမိတို့နိုင်ငံတော်သည် နိုင်ငံခြားရေးဝါဒကိုကျင့်သုံးရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ ကိုလိုနီနယ်ချဲ့ဝါဒ၊ ကိုလိုနီလက်သစ်ဝါဒတို့ကို ဆန့်ကျင်ရေး၊ လူမျိုးခွဲခြားရေး၊ အသားရောင်ခွဲခြားရေးဝါဒများဆန့်ကျင်ရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ မကျူးကျော်ရေးနှင့် စိုးမိုးခြယ်လှယ်ခြင်းမပြုရေးတို့အတွက် တက်ကြွစွာဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာကိစ္စများမှာလည်း အခြေအနေမှန်ကို လွတ်လပ်စွာ ဝေဖန်သုံးသပ် ဆုံးဖြတ်ဆောင်ရွက်နေသည့်အပြင် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတွင်လည်း အထူးသဖြင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်းပီသစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံလျက်ရှိပါကြောင်း။

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူလူချင်း တန်းတူရည်တူရှိမှုကိုလည်းကောင်း၊ နိုင်ငံအားလုံး တန်းတူရည်တူရှိမှုကိုလည်းကောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ကိုလည်းကောင်း အစဉ်လေးစားလိုက်နာ စောင့်ထိန်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယခုအခါတွင်လည်း မိမိတို့နိုင်ငံသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်၍ ကျင့်သုံးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားညီလာခံတွင်လည်း နိုင်ငံခြားရေးနှင့် စပ်လျဉ်းပြီး 'နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊ နိုင်ငံအတွင်းမည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု' လို့ အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေပြုအဖွဲ့အစည်းများကိုသာ အပ်နှင်းထားလေ့ရှိကြောင်း လေ့လာသိရှိရပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သော နိုင်ငံခြားရေးကဏ္ဍတွင်ပါရှိသင့်သည့် ကိစ္စရပ် ခုနစ်ရပ်ကို ဥပဒေပြုရန်လိုအပ်ရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ရွေးချယ်ခံထားရသောကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက်

- တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏

သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးတင်ပြချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ နိုင်ငံခြားရေးအကြောင်းကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားချက်များသည် လျော်ကန်သင့်မြတ်မှုရှိပါသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အထက်ပါနိုင်ငံခြားရေးနှင့် ပတ်သက်သည့်အချက်များအား ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "နိုင်ငံခြားရေးကဏ္ဍမှာ ပါဝင်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်သည် ပြည့်စုံပြီးဖြစ်သည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါ"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြသည့် အချက်ခုနစ်ချက်ပါ နိုင်ငံခြားရေးကဏ္ဍနှင့်ပတ်သက်သည့် ဆွေးနွေးတင်ပြချက်သည် ပြီးပြည့်စုံပြီးဖြစ်သည့်အလျောက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

အမျိုးသားညီလာခံအစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က "နိုင်ငံခြားရေးကဏ္ဍအောက်မှာပါရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတိုင်းလိုလိုမှာပင် သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းတွေကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း ကမ္ဘာ့နိုင်ငံအတော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါတွင် တွေ့ရှိရပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတွင် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်းပီသစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံလျက်ရှိ

စာမျက်နှာ ၆ မှ

ထို့ကြောင့်နိုင်ငံခြားရေးကဏ္ဍတွင်ပါရှိသင့်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က “နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၁၂) ပြည်ထောင်စုအချင်းချင်း ဆက်ဆံရေးခေါင်းစဉ်အောက်မှာရှိသည့် ပုဒ်မ ၂၁၁ နှင့် ၂၁၂ တို့မှာ ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားရေးမူဝါဒများ၊ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီက မြန်မာနိုင်ငံခြားရေးမူဝါဒ ထုတ်ပြန်ချက်များနှင့် ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂)ပါ နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် မူဝါဒများကို ချမှတ်ကျင့်သုံးခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခု အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းပြသည့် နိုင်ငံခြားရေးကဏ္ဍတွင် ဖော်ပြထားသော အချက်ခုနစ်ချက်သည် ဖော်ပြသင့်သော အသေးစိတ်အခြေခံရမည့်မူများဖြစ်သဖြင့် အားလုံးကို ထောက်ခံကြောင်းတင်ပြပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က “အခု မိမိတို့တင်ပြသွားသည့် နိုင်ငံခြားရေးကဏ္ဍအောက်တွင်ရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတိုင်းလိုလိုမှာပင် သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း ကမ္ဘာ့နိုင်ငံတော်တော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာတဲ့အခါတွင် တွေ့ရှိရပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအတွက်လည်း နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံခြားရေးကဏ္ဍနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က “နိုင်ငံခြားရေးကဏ္ဍတွင်ပါရှိသင့်သော ကိစ္စရပ်များ၏စာရင်းကို အောက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း–

၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊

၂။ ကုလသမဂ္ဂ၊

၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊

၄။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊

၅။ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊

၆။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊

၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး

တို့ဖြစ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ တင်ပြချက်ကို လေ့လာကြည့်လျှင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ‘သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ’ဟူသော စကားရပ်အစား ‘သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ’ဟု ပြင်ဆင်ရန် အကြံပြုသွားပါကြောင်း။

ဤအကြံပြုချက်နှင့်စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က “ကမ္ဘာ့နိုင်ငံများအားလုံးတွင် နိုင်ငံခြားဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို တစ်နိုင်ငံလုံးကိုယ်စား ဗဟိုအစိုးရကသာ ကိုင်တွယ်ဆောင်ရွက်လေ့ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများတွင် သံရုံးများ၊ ကောင်စစ်ရုံးများ၊ အဖွဲ့ရုံးများ ဖွင့်လှစ်ခြင်း၊ မိမိနိုင်ငံအတွင်း နိုင်ငံခြားမှ သံရုံး၊ ကောင်စစ်ရုံး၊ အဖွဲ့ရုံးများ ဖွင့်လှစ်ခြင်း၊ ယင်းရုံးများတွင် တာဝန်ထမ်းဆောင်သည့် သံတမန်၊ ကောင်စစ်နှင့် အခြားကိုယ်စားလှယ်များ အဆင့်ဆင့်ကို ခန့်အပ်ခြင်း၊ လက်ခံဆောင်ရွက်စေခြင်းတို့ကို ဗဟိုအစိုးရက တစ်နိုင်ငံလုံးကိုယ်စား ကိုင်တွယ်ဆောင်ရွက်ရပါကြောင်း။

သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူး၊ ပထမအတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ တတိယအတွင်းဝန်၊ သံအရာရှိ၊ ကောင်စစ်ဝန်ချုပ်၊ ဒုတိယကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်၊ ကောင်စစ်သံအရာရှိ၊ ဒုတိယကောင်စစ်သံအရာရှိ၊ စစ်သံမှူး၊ ကာကွယ်ရေးသံမှူး၊ လက်နက်ကိုင်တပ်ဖွဲ့များသံမှူး၊ ကူးသန်းရောင်းဝယ်ရေးသံမှူး၊ စီးပွားရေးသံမှူး၊ ကုန်သွယ်ရေးသံမှူး၊ ယဉ်ကျေးမှုသံမှူး၊ ပညာရေးသံမှူးစသည့် နိုင်ငံ့ကိုယ်စားလှယ်မျိုးစုံတို့ကို ခန့်အပ်ခြင်းနှင့် လက်ခံဆောင်ရွက်စေခြင်းတို့သည် နိုင်ငံတိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဗဟိုအစိုးရကသာ ဆောင်ရွက်လေ့ရှိသည့်အတွက် သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းနိုင်ရန် အကြံပြုတင်ပြအပ်ပါကြောင်း” ရှင်းလင်းတင်ပြသွားပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ်အခြေခံသင့်သည့် မူခုနစ်ချက်ကို ရှင်းလင်းတင်ပြထားပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက် အချက်ခုနစ်ချက်ကို မိမိတို့အားလုံး သဘောတူထောက်ခံကြပါကြောင်း၊ သို့ရာတွင် မိမိတို့ကိုယ်စားလှယ်များအနေဖြင့် အောက်ပါအချက်များကို အနည်းငယ်ထပ်မံဖြည့်စွက် အကြံပြုလိုပါကြောင်း။

အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံခြားရေးရာနှင့်စပ်လျဉ်း၍ နိုင်ငံတော်အဆင့်(ဗဟို)က တာဝန်ယူရသည့်ကဏ္ဍနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက တာဝန်ယူရသည့် ကဏ္ဍနှစ်မျိုးရှိပါကြောင်း၊ နိုင်ငံတော်အဆင့်(ဗဟို)အနေဖြင့် အဓိကကျသော အောက်ဖော်ပြပါကိစ္စများကို တာဝန်ယူရပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သော သာမန်သံတမန်ရေးရာ (Protocol Matters) များကိုသာ တာဝန်ယူရပါကြောင်း၊ ဗဟိုကတာဝန်ယူရသည့် အပိုင်းများတွင်–

- နိုင်ငံခြားရေးဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊
- ပြည်ပနိုင်ငံ သို့မဟုတ် အစိုးရကို အသိအမှတ်ပြုခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း၊
- သံတမန်၊ ကောင်စစ်၊ ကုန်သွယ်ရေး၊ အဆက်အသွယ်ပြုလုပ်ခြင်း၊ ရပ်ဆိုင်းဖြတ်တောက်ခြင်း၊ (နှစ်နိုင်ငံ ဆက်ဆံရေးပြုလုပ်ရာတွင် ကုန်သွယ်ရေး၊ ကောင်စစ်၊ သံတမန်စသည်ဖြင့် အဆင့်အမျိုးမျိုး ဆောင်ရွက်ကြပါကြောင်း၊ တချို့က တိုက်ရိုက်သံတမန် အဆက်အသွယ်၊ တစ်နည်းအားဖြင့် သံရုံးကြီးအဆင့် အဆက်အသွယ် ပြုလုပ်ကြပါကြောင်း။)

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများသို့ ဝင်ရောက်ပြီး သက်ဆိုင်ရာအစည်းအဝေးများကို တက်ရောက်ခြင်း၊ ဆုံးဖြတ်ချက်များကို လက်မှတ်ထိုး၊ အတည်ပြု၊ အကောင်အထည်ဖော်ခြင်း၊ ယင်းအဖွဲ့အစည်းဝင်အဖြစ်မှ နုတ်ထွက်ခြင်းတို့ကို ပြုလုပ်ကြရပါကြောင်း။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နှစ်နိုင်ငံစာချုပ် သဘောတူညီချက်ကို ချုပ်ဆိုလက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကို ပြုလုပ်ကြရပါကြောင်း။

နိုင်ငံသားတစ်ဦးအနေဖြင့် ပြည်ပတွင်ခရီးသွားလာရန်နှင့် နိုင်ငံသားဖြစ်ကြောင်း အဓိကအထောက်အထားဖြစ်သည့် နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် အသီးသီးတို့ကို နိုင်ငံတော်အဆင့်(ဗဟို)ကသာလျှင် ‘စံ’တစ်ခုထားပြုလုပ်ပါကြောင်း။

ပြည်ပသားများ မြန်မာနိုင်ငံသို့ ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းကိစ္စတွင် ပြည်ဝင်ခွင့် ဗီဇာနှင့် ပြည်တွင်း၌ နေထိုင်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့ပါဝင်ရာ ပြည်ပသားများ ပြည်တွင်းသို့ စနစ်တကျဝင်ရောက်ခြင်း၊ နေထိုင်ခြင်း၊ ထွက်ခွာခြင်းတို့ကို စိစစ်ခြင်းဖြစ်သဖြင့် ဗဟိုမှကိုင်တွယ်ခြင်း ဖြစ်ပါကြောင်း၊ အလားတူ အကြောင်းကြောင်းကြောင့် လူဝင်မှုနှင့် ပြည်နှင်ဒဏ်ပေးခြင်းတို့ကိုလည်း နိုင်ငံတော်အဆင့်(ဗဟို)မှ ကိုင်တွယ်ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံခြားရေးကဏ္ဍနှင့် ပတ်သက်ပြီး ‘နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း’၊ ‘နိုင်ငံနှင့်အစိုးရ အသိအမှတ်ပြုခြင်း’၊ ‘ရုပ်သိမ်းခြင်း’စသည့်အချက်တို့ကို ထပ်မံဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း၊ ထို့အပြင် အောက်ပါစာသားများကို ဖြည့်စွက်အစားထိုးပေးပါရန် အကြံပြုတင်ပြပါကြောင်း။

‘သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိုယ်စားလှယ်များ’ဟူသော စကားရပ်အစား ‘သံတမန်ရေး၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အဆက်အသွယ်ပြုခြင်း၊ ဖြတ်တောက်ခြင်း’ဟူ၍လည်းကောင်း၊ ‘ကုလသမဂ္ဂ’ဟူသော စကားရပ်အစား ‘ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ’ဟူ၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေးဟူသော စကားရပ်အစား အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊ ယင်းအဖွဲ့အစည်းမှ နုတ်ထွက်ရေးဟူ၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေးဟူသော စကားရပ်အစား အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုအတည်ပြုရေး၊အထမြောက်စေရေးနှင့် ပြန်လည်ရုပ်သိမ်းခြင်းဟူ၍လည်းကောင်း၊ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့် ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များဟူသော စကားရပ်အစား နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ်များ ဟူ၍လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊နိုင်ငံမှ ထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေးဟူသော စကားရပ်အစား ပြည်ဝင်ခွင့်ဗီဇာ၊ နေထိုင်ခွင့်၊ ထွက်ခွာခွင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးခြင်းဟူ၍လည်းကောင်း အသီးသီး စကားရပ်များကို အစားထိုးဖြည့်စွက်ကာ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချို့သည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေပါကြောင်း၊ ကူးသန်းသွားလာမှု၊ ယာယီဝင်ထွက်မှုများအပြင် လူမှုရေးကိစ္စရပ်များ၊ဒေသဖွံ့ဖြိုးရေး၊ ရောင်းဝယ်ရေးအတွက်လည်း ကူးလူးဆက်ဆံ ဝင်ထွက်မှုမျိုးရှိနေကြပါကြောင်း၊ ထို့ကြောင့် အောက်ပါအချက်နှစ်ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်များ ရရှိနိုင်ရေးအတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာမှာ အောက်ပါအချက်များ ထည့်သွင်းစဉ်းစားပေးပါရန်အကြံပြုတင်ပြအပ်ပါကြောင်း၊ အဲဒီအချက်များမှာ–

၁။ နယ်စပ်ဒေသ ယာယီဝင်ထွက်သွားလာခွင့်၊

၂။ ရေချင်းမြေချင်းထိစပ်နေသည့် တစ်ဖက်အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသနှင့် ကုန်ရောင်းကုန်ဝယ်ကိစ္စရပ်များဖြစ်ပါကြောင်း”

အကြံပြုတင်ပြသွားပါကြောင်း ဟူ၍ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အရေးပြိုင်ပွဲ
၈း၀၅	၆။	ဖျော်ဖြေရောင်းတံတား
၈း၁၅	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းမေတ္တာ”**(အပိုင်း-၁၂)
၁၃း၁၀	၇။	ဆင်ဖြူရှင်တံတား
၁၃း၂၀	၈။	**“စျေးကွက်ဝင် တံခါးခေါက် သံ”** (မြင်စိုးသားအောင်အောင်၊ စိန်ရီး၊ အရှည်ကြီး၊ အုန်းသီး၊ ရွှေအေးကို၊ ကောင်းစျာန်သစ်၊ မိုးပြည့်ပြည့်မောင်၊ တင်တင်လှ) (ဒါရိုက်တာ-ဇော်ဆက်)
၁၃း၄၀	၉။	တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက အလုပဒေသာ
၁၄း၃၀	၁၀။	သုံးဆယ်ရေလှောင်တမံ
၁၄း၄၅	၁၁။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	နားဝင်ပီယံသူ့လက်သံ
၁၇း၂၀	၇။	အကပဒေသာ
၁၇း၃၀	၈။	မြန်မာစာ၊ မြန်မာစကား
၁၇း၄၀	၉။	တေးဂီတအစီအစဉ်
၁၇း၅၀	၁၀။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၈း၁၅	၁၁။	ဒုတိယနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအကြောင်း သိကောင်းစရာ
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	Discovery
၁၉း၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **‘ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်’** အပိုင်း(၅၅)
၁၉း၃၅	၁၆။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၇။	**အမျိုးသားညီလာခံဂုဏ်ပြုတေး**
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”**(အပိုင်း-၁၉)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် သုဒသနကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ရပ်ကွက်စာကြည့်တိုက်အကျိုးဆောင် ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

စီးပွားရေးစိုက်ပျိုးရေးနှင့်မွေးမြူရေး၊စွမ်းအင်၊လျှပ်စစ်၊သတ္တု၊သစ်တော၊စက်မှုလက်မှု၊ပို့ဆောင်ဆက်သွယ်ရေး လူမှုရေးတို့နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏အကြံပြုတင်ပြချက်ကို အလုပ်ညှိကျသဘာပတိအဖွဲ့ကရှင်းလင်း

❒ **ရွှေဖုံးမှ**

နိုင်ငံရေးပါတီများဖြစ်ကြသည့်ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ၊ ပြည်ထောင်စုကရင်အမျိုးသား များအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက် ပွဲတွင် ရွေးချယ်ခံထားရသော တိုင်း ရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း ပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ် သမားကိုယ်စားလှယ်များ၊ အသိပညာ ရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် များ၊ အလုပ်သမားကိုယ်စားလှယ် များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း

မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက် သည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မှတ်တမ်းလက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်း အဝေး မစတင်မီ နံနက် ၇နာရီခွဲမှ

စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ် သမားကိုယ်စားလှယ်များ၊ အလုပ် သမားကိုယ်စားလှယ်များ၊ အသိပညာ ရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ် များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့မှကိုယ်စားလှယ် များသည် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စု ခန်းမနှင့် ကိုယ်စားလှယ်များ နားနေ ဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက် ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြသည်။

သဘာပတိအဖွဲ့ဝင်များ

ယနေ့ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ် သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးကဆောင်ရွက်၍ သဘာပတိ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်စဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြစဉ်။
(သတင်းစဉ်)

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေး အဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ် ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း ပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူ လယ်သမား ကိုယ်စားလှယ်များဖြစ် ကြသည့် ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊

ပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း နှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရ အဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်း စစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေအထွေရွေးကောက်ပွဲ ကျင်းပ ရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊မန္တလေး

စတင်၍ အမျိုးသားညီလာခံကျင်းပ ရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ များမှ ကိုယ်စားလှယ်များ၊ ရွေးကောက် ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်

အဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစု အဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက် ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ် စားလှယ်များ အစုအဖွဲ့မှ ဦးယောအေး လှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စား လှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ အလုပ်သမားကိုယ်စား လှယ်များ အစုအဖွဲ့မှ ဒေါက်တာ

မျိုးသန့်တင်၊ အသိပညာရှင်၊ အတတ် ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ် ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက် ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မ တီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)

ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲ ဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်ကြသည်။

စုံညီအစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုး သားညီလာခံသို့ တက်ရောက်ခွင့်ရှိ သည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၄ဦးတို့တက်ရောက်လာ ကြသည့်အတွက် ၉၉ဒသမ၃၅ရာခိုင် နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီ

အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က **'စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ'**နှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြသည်။

(အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

စွမ်းအင်၊လျှပ်စစ်၊သတ္တု၊သစ်တော

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နှုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စားအလှည့်ကျ သဘာပတိအဖွဲ့၏အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက **'စွမ်းအင်၊လျှပ်စစ်၊သတ္တု၊သစ်တောကဏ္ဍ'**နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေ့လယ်စာသုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တက်ရောက်ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နှုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက **'စီးပွားရေးကဏ္ဍ'**နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အလှည့်ကျသဘာပတိ ဦးမြအေး၏ ရှင်းလင်းတင်ပြချက်ကိုဆက်လက်ဖော်ပြသွားပါမည်။)

စိုက်ပျိုးရေးနှင့်မွေးမြူရေး

ယင်းနောက် စုံညီအစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နှုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်

(အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဒေါက်တာဦးသိန်းဦးဘိုးစော၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် စုံညီအစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နှုတ်၍သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက **'စက်မှုလက်မှုကဏ္ဍ'** နှင့် **'ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ'** တို့နှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဗိုလ်ချုပ်အောင်သိမ်း၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ပို့ဆောင်ဆက်သွယ်ရေး

ယင်းနောက် စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နှုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏အဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်က 'ပို့ဆောင်ဆက်သွယ်ရေး'ကဏ္ဍနှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

(အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဦးထွန်းအောင်ချိန်၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

လူမှုရေးကဏ္ဍ

ထို့နောက် နိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နှုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က **'လူမှုရေးကဏ္ဍ'** နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ၃နာရီတွင် ရပ်နားလိုက်သည်။

[အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။]

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်နှင့်လိုက်လျောညီထွေရှိမည့် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာလုပ်ငန်းများ သက်ဆိုင်ရာဥပဒေပြုအဖွဲ့ အစည်းများက သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းကြရမည်ဖြစ်

❒ ကျောဖုံးမှ

ဤအခြေခံရမည့်မူများမှာ–

- နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်၊
- နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်၊
- နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ရရှိစေရန် ကူညီမည်၊
- နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်း မပြု၊
- နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု

စသည်တို့ ဖြစ်ပါကြောင်း။

အများပြည်သူများ၏ နေထိုင်မှု အဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ လုပ်ငန်းများသည် ပြည်ထောင်စုအတွက်ရော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက်ပါ လိုအပ်ပါကြောင်း။

ဥပဒေပြုအာဏာခွဲဝေအပ်နှင်း

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာမည်ဆိုလျှင် ဤတိုင်းပြည်များတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိပြီး ခေတ်မီသည့် စီမံကိန်းများရေးဆွဲဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ဤသို့ နိုင်ငံတစ်ခုလုံးနှင့်ဆိုင်သော ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေများကို နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများက လိုအပ်သလို ပြဋ္ဌာန်းပေးကြပါကြောင်း၊ အချို့နိုင်ငံများတွင် ဥပဒေပြုအဖွဲ့အစည်းများဖွဲ့စည်းထားရှိသည့် ပြည်နယ်များအတွက် သင့်တော်သည့် ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းထားကြောင်း တွေ့ရှိရပါကြောင်း၊ မိမိတို့ နိုင်ငံတော်တွင်လည်း ချမှတ်ထားပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ် ခုနစ်ခုနှင့် သမ္မတက တိုက်ရိုက်အုပ်ချုပ်သည့် ပြည်ထောင်စု နယ်မြေများရှိမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့်မှာရှိသည့် ဥပဒေပြုအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်တွေမှာ ရှိသည့် ဥပဒေပြုအဖွဲ့အစည်းများအား ဥပဒေပြုခွင့်အာဏာများကို သင့်လျော်သလို ခွဲဝေအပ်နှင်းကြရမည်ဖြစ်ပါကြောင်း။

အခုမိမိရှင်းလင်းတင်ပြခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာကဏ္ဍမှာအကျုံးဝင်သည့် ကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုလျှင်–

၁။ ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်း၊
၂။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊
၃။ ငွေစက္ကူ ထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊
၄။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊
၅။ နိုင်ငံခြားသုံးငွေ ထိန်းသိမ်းကြီးကြပ်ရေး၊
၆။ အရင်းအနှီးနှင့် ငွေကြေးဈေးကွက်၊
၇။ အာမခံလုပ်ငန်း၊
၈။ ဝင်ငွေခွန်၊
၉။ ကုန်သွယ်လုပ်ငန်းခွန်၊
၁၀။ တံဆိပ်ခေါင်းခွန်၊
၁၁။ အကောက်ခွန်၊
၁၂။ အောင်ဘာလေထီ၊
၁၃။ အခွန်အယူခံခြင်း၊
၁၄။ ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
၁၅။ ပြည်ထောင်စုပိုင် ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊
၁၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးခြင်း၊
၁၇။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊
၁၈။ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊
၁၉။ ပြည်ထောင်စုအတွက် ပစ္စည်းရယူခြင်း၊
၂၀။ ပြည်ပမှ ငွေကြေးအကူအညီနှင့်အထောက်အပံ့၊
၂၁။ အမျိုးသားစီမံကိန်း၊
၂၂။ စာရင်းစစ်တမ်းကောက်ယူခြင်း၊
၂၃။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း၊
၂၄။ ရင်းနှီးမြှုပ်နှံမှုနှင့်
၂၅။ စာရင်းစစ်ဆေးခြင်း

တို့ဖြစ်ပါကြောင်း။

ဖော်ပြပါကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအား ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ ဥပဒေပြုခွင့်နှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

ယခုမိမိရှင်းလင်းတင်ပြခဲ့သည်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အဲဒီကိစ္စများကို စုစည်းတင်ပြရမယ်ဆိုလျှင်–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံး ခန့်မှန်းခြေငွေစာရင်း၊
၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊
၃။ မြေယာခွန်၊
၄။ ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)၊
၅။ အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊
၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊
၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း၊
၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊
၁၀။ ဒေသန္တရစီမံကိန်းနှင့်
၁၁။ အသေးစားငွေချေးလုပ်ငန်း

တို့ဖြစ်ပါကြောင်း။

ဖော်ပြပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း” ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ဤရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက “ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍကို တင်ပြမည်ဖြစ်ကြောင်း၊ ယင်းကဏ္ဍနှင့်ပတ်သက်၍ မိမိတို့ပါတီအနေနှင့် အသေးစိတ်လေ့လာသုံးသပ်သည့်အခါ ကဏ္ဍအားလုံးပြည့်ပြည့်စုံစုံပါဝင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် သင့်လျော်သည့် အပိုင်းကိုလည်း မျှမျှတတ ခွဲဝေပေးထားသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့ပါတီအနေဖြင့် အထူးဖြည့်စွက်တင်ပြရန်မရှိပါ” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က “ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်၂၅ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း တင်ပြပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

မြို(ခေါ်)ခမိအမျိုးသား

ဤကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သော မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က “လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းရှင်းလင်းတင်ပြထားသည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် အချက်၂၅ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်၁၁ချက် တို့ကိုလည်း အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသား

ထို ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက“ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍနှင့်ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်အချက် ၂၅ ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်၁၁ချက်၊ အသီးသီးကဏ္ဍအလိုက်၊ အဆင့်အလိုက် ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ခြင်းသည် ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို ကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က “လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်အချက် ၂၅ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အချက် ၁၁ ချက်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်”ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီ

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက“ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ထွန်းရန် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ လူမှုရေး၊ စီးပွားရေးရည်မှန်းချက်များထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း။

အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့်အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာကိစ္စများသည် ပြည်ထောင်စုအတွက်ရော၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက်ပါ လိုအပ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိသည့် ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာကိစ္စရပ်များ ဖော်ပြချက်အပေါ် ထပ်မံဆွေးနွေးလိုခြင်းမရှိကြောင်း တင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

‘ဝ’အမျိုးသား

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “ယနေ့နိုင်ငံတော်တွင် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးဝါဒများထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာမူဝါဒများနှင့် ငွေကြေးမူဝါဒများချမှတ်ပြီး နိုင်ငံတစ်ဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို အားသွန်ခွန်စိုက် တည်ဆောက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ အမျိုးသားညီလာခံကြီးကလည်း ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှေးရှုပြီး ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာ အခြေခံရမည့်မူအချို့ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးသည် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံနှင့်လိုက်လျော်ညီထွေရှိမည့် စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ခုလုံးနှင့်ဆိုင်သော ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေများကို နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများက လိုအပ်သလို ပြဋ္ဌာန်းပေးသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာရန်အတွက် နိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာလုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများက သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းကြရမည်ဖြစ်ပါကြောင်း။

အကြံပြုတင်ပြ

ထိုကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ်၂၅ရပ်ကို ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုတစ်ဝန်းလုံးနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာကိစ္စရပ်များရှိမည်ဖြစ်သကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်ရမည့် ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များလည်း ရှိမည်ဖြစ်ပါကြောင်း။

ဒါကြောင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သော ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင်ပါရှိသင့်သော ကိစ္စရပ်၁၁ရပ်ကို ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဆွေးနွေးတင်ပြသွားပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက်-

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့၏သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

တစ်သီးပုဂ္ဂလ

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်ရှာင်မြို့နယ်မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်မူများသည် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားများအားလုံး၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနှင့်အမျိုးသားစီးပွားရေးဖွံ့ဖြိုးစေရေးအတွက် ရေးရှုပြီးဖြစ်သည့်အပြင် ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်အခြေခံမူများပါ ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာမူများနှင့်လည်း အံဝင်ခွင်ကျကိုက်ညီဆီလျော်နေပါသောကြောင့် ထပ်မံဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ မူ ၂၅ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံ ရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဘဏ္ဍာရေးနှင့်စီမံကိန်းဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်မူများနှင့် ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးလိုပါကြောင်း၊အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကရှင်းလင်းတင်ပြသောမူများသည် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့်မူများဖြစ်သည်ဟု ယူဆယုံကြည်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း"ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးသိမ်းကြည်၊မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ပါဝင်သော ကိစ္စရပ်များ နှင့်ပတ်သက်ပြီး လိုအပ်သော ဥပဒေများပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု လွှတ်တော်သို့ ဥပဒေပြုအာဏာခွဲဝေပေးရန် တင်ပြထားသည့် အချက်၂၅ချက်နှင့် တိုင်းဒေသကြီးလွှတ်တော်များသို့ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းသင့်သော အချက်၁၁ချက်တို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်သည် ပြီးပြည့်စုံသည့်အတွက် အကြံပြုရန်မရှိပါကြောင်း တင်ပြလိုပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စုစည်းတင်ပြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းရန်ကိစ္စများသည် ကြောင်းကျိုးဆီလျော်ပါသဖြင့် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်သည့် အချက် ၂၅ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်သည့် အချက် ၁၁ချက်တို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်အပေါ် ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒရည်မှန်းချက်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာမူဝါဒများနှင့် ငွေကြေးမူဝါဒများကို ချမှတ်ပြီးဘဏ္ဍာရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ခွဲဝေခြင်း၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းတွင် ကြီးကြပ်ကွပ်ကဲခြင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကြီးကြပ်ခြင်းနဲ့ နိုင်ငံတော်တစ်ဝန်းလုံးတစ်ပြေးညီ တိုးတက်စေရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးသည် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကျန်ကဏ္ဍများလည်းတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးကလည်း ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အမျိုးသားစီးပွားရေးတိုးတက်စေရန်အတွက် ရှေးရှုပြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာအခြေခံရမည့်မူအချို့လည်း ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ထွန်းရန် နိုင်ငံတော်၏အမျိုးသားစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်

ပြည်ထောင်စု ဥပဒေပြုစာရင်းမှာဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့်အချက် ၂၅ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာဖော်ပြသင့်သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် အချက် ၁၁ချက်တို့ကို ထောက်ခံပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "မိမိတို့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင်ပါဝင်မည့်အခွန်အယူခံခြင်းဆိုင်ရာအပိုင်းတွင် အခွန်အယူခံရုံးကို ပြည်ထောင်စုတစ်ခုလုံးနှင့် ပတ်သက် သက်ဆိုင်နေသည့်အတွက် ပြည်ထောင်စုအဆင့်မှာသာရှိသင့်သည်ဆိုသော်လည်း ပြည်ထောင်စုအဆင့်မှာသာ ထားမည်ဆိုလျှင် မကျေနပ်သည့်အခွန်ထမ်းများအတွက် မိမိတို့၏မကျေနပ်ချက်များကို အခွန်အယူခံရုံးသို့တင်ပြရာတွင် အချိန်ကြန့်ကြာခြင်း၊ ဗဟိုမှ အခြေအနေမှန်ကို သိရှိရန်ခက်ခဲခြင်းစသည့်အခြေအနေများကြောင့် အခွန်အယူခံရုံးကို ပြည်ထောင်စုအဆင့်မှာသာမကဘဲ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်များမှာလည်းထားပေးခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်မှန်ကန်လာမည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် အချက် ၂၅ ချက်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်းတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်သည့်ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့်ကိစ္စရပ် ၁၁ရပ်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ကြောင်း တင်ပြအပ်ပါသည်"ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က "ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ကိစ္စရပ် ၂၅ရပ် ထည့်သွင်း၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ ကိစ္စရပ် ၁၁ရပ်ကို ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြ၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့် ကိစ္စရပ်၂၅ရပ်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်ဟူ၍လည်းကောင်း၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် အကျုံးဝင်သည့်ကိစ္စရပ် ၁၁ခုအား အသေးစိတ်အခြေခံရမည့်မူများအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြပါသည်"ဟူ၍လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင်သီးခြားအကြံပြုချက်အနေဖြင့် "အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ၃၀-၃-၁၉၉၆ ရက်အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများမှာ "နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေရေးသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းမည်"ဟု ဖော်ပြထားပါကြောင်း။

ထို့ကြောင့်အငြိမ်းစားလစာကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် အငြိမ်းစားလစာနှင့်စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အမှတ်စဉ်(၂၆)အဖြစ် 'အငြိမ်းစားလစာ'ဟု ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း"အကြံပြုဆွေးနွေးသွားပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီစနစ် ကျင့်သုံးလိုပါက နိုင်ငံတော်အေးချမ်းသာယာရေး၊ နိုင်ငံရေးတည်ငြိမ်ရေးနှင့် ပြည်သူလူထု၏ စားဝတ်နေရေး ချောင်ချိရေးတို့သည် အရေးပါလှပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်တွင် နိုင်ငံတော်က နိုင်ငံတော်၏ ဘဏ္ဍာရေး၊စီးပွားရေး၊ လူမှုရေးဝါဒများနှင့် ရည်မှန်းချက်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ မူဝါဒများနှင့် ငွေကြေးမူဝါဒတို့ကို ချမှတ်ပြီး ဘဏ္ဍာငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ခွဲဝေသုံးစွဲခြင်း၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းများကြီးကြပ်ခြင်းနှင့် နိုင်ငံတစ်ဝန်း တစ်ပြေးညီ အရင်းအနှီးများမြှုပ်နှံခြင်း၊ ကြီးကြပ်ခြင်းနှင့် နိုင်ငံတစ်ဝန်း တစ်ပြေးညီတိုးတက်စေရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပါရှိပါကြောင်း။

ဤဖော်ပြချက်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် အဓိကလိုအပ်သောအချက်များဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်သည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်သင့်သည့် အသေးစိတ်အခြေခံရမည့် မူ၂၅ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ ၁၁ချက်တို့ကို တင်ပြထားပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါအချက်များသည် အမှန်တကယ် ဆီလျော်မှန်ကန်ပါသဖြင့် ထောက်ခံကြောင်းတင်ပြအပ်ပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုဥပဒေပြုစာရင်းပါ ၂၅ချက်အနက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အကောက်ခွန်၊ အောင်ဘာလေထီစသည့် အခွန်အမျိုးအစားများကို သီးခြားစီခွဲခြားမနေဘဲ 'အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ' ဟူသော စကားရပ်များဖြင့် အစားထိုးသုံးနှုန်းရန် အကြံပြုအပ်ပါကြောင်း"ဆွေးနွေးတင်ပြသွားပါကြောင်းဟူ၍ဖြစ်သည်။ **(သတင်းစဉ်)**

လယ်တီစံရိပ်သာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် လစဉ် ၂၁ ရက်မှ ၃၀ရက်ထိ ၁၀ ရက် တိုင်တိုင် အချိန်ပြည့် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ မဟာသတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ကမ္ဘာ့သာသနာ့ပြု အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည်သာသနာ့ရိပ်သာ ဆရာတော်များက ဟောကြားပြသမည်ဖြစ်၍ တရားအားထုတ်လိုသူများသည် ဖေဖော်ဝါရီ ၂၀ရက် ညနေ ၄ နာရီ အရောက် ကြွရောက်ရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း အချို့ လှူဒါန်းလိုကြသော အလှူရှင်များသည် လူကိုယ်တိုင် လာရောက်၍ ဖြစ်စေ၊ ရိပ်သာ ဖုန်း- ၂၀၁၆၄၃ သို့ ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖေဖော်ဝါရီ၁၇ရက်က လှိုင်မြို့နယ်အမှတ်(၅)ရပ်ကွက် စေတနာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ကျင်းပရာ နယ်လှည့်စာကြည့်တိုက်ကို ခရိုင်ဦးစီးမှူး ဦးတင်ကို၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ဆန်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကြည်အောင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(က-ပ)

တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်း အပတ်စဉ်(၂၉)လျှောက်လွှာခေါ်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ တိုင်းရင်းဆေးပညာ ဒီပလိုမာသင်တန်းသို့ တက်ရောက်လိုသူများအား လျှောက်လွှာခေါ်ယူလျက်ရှိရာ အနည်းဆုံး အခြေခံပညာ အထက်တန်းကို သိပ္ပံ(ဇီဝဗေဒ)ဘာသာတွဲဖြင့် အောင်မြင်ပြီး ၁၅-၃-၂၀၀၅ရက်တွင် အသက်၂၀ထက် မကျော်လွန်သူများ၊ တက္ကသိုလ်တစ်ခုခုမှ သိပ္ပံတွဲဖြင့် ဘွဲ့ရပြီးသူဖြစ်ပါက အသက်၂၅နှစ်ထက် မကျော်လွန်သူများ လျှောက်ထားနိုင်သည်။

လျှောက်လွှာများကို တိုင်းရင်းဆေးပညာဦးစီးဌာန အမှတ်(၅၆) ဦးဝိစာရလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၊ တိုင်းရင်းဆေးသိပ္ပံ မန္တလေးမြို့နှင့် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာ ဦးစီးဌာန ပြည်နယ်/တိုင်း ဦးစီးဌာနမှူးရုံးများတွင်ရယူပြီး မိမိဖြေဆိုလိုသည့် စာစစ်ဌာန ရန်ကုန်/မန္တလေးသို့ ၁၅-၃-၂၀၀၅ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက စက်မှုလက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ မျိုးသန့်တင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကိုသဘာပတိ အဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေးက စီးပွားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အမျိုးသား ညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကိုသဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်က ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်များကို သဘာပတိအဖွဲ့ကိုယ်စားအလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က လူမှုရေးကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုပန်းချီ၊ ပန်းပုပြိုင်ပွဲဝင်၊ ပြပွဲတင်လက်ရာများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့်အနုပညာပြိုင်ပွဲပြပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လက်ထောက်တပ်မတော် လေ့ကျင့်ရေးအရာရှိ(လေ) ဗိုလ်မှူးကြီးကိုကို၊ ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့်ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှအဖွဲ့ဝင်များ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၆ရက်တွင် ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးမြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးခန်းမ၌ မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးကော်မတီဝင်များနှင့်တွေ့ဆုံသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲပြပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဒါးပိန်မြို့တွင် ဂုဏ်ပြုပြပွဲတင်နှင့် ပြိုင်ပွဲဝင်ရုပ်တုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အတွင်းရေးမှူးဦးမင်းသိန်းသမ်းတို့က နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြိုင်ပွဲပြပွဲ အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ တပ်မတော်နေ့ဆိုင်ရာ ပန်းချီကားများ ရေးဆွဲနေမှုများ၊မြို့နယ်အတွင်းရှိပန်းပုပညာရှင်များက တပ်မတော်နေ့ကို ဂုဏ်ပြုပြိုင်ပွဲ ဝင်ရန် သစ်လုံးပေါ်တွင် ထွင်းထုနေမှုများ၊ ပလတ်စတာဖြင့် ပုံသွင်းဖော်နေသည့် စစ်သည်တော်ရုပ်တုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် လုပ်ငန်းကော်မတီဝင်များသည် ဖေဖော်ဝါရီ၁၇ရက် နံနက်၉နာရီတွင် ဒါးပိန်မြို့ရိုးရာပန်းပညာရှင်များအစည်းအရုံးသို့ရောက်ရှိပြီး ပန်းပညာရှင်များနှင့်တွေ့ဆုံသည်။

အားကြိုးမာန်တက်

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဒါးပိန်မြို့ ရိုးရာပန်းပညာရှင် အစည်းအရုံးအနေဖြင့် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းပုပြိုင်ပွဲကို နှစ်စဉ်မပျက်အင်တိုက်အားတိုက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ပန်းပုရုပ်တုများ၏ ၇၀ ရာခိုင်နှုန်းအထိ ပါဝင် ပြသနိုင်ခဲ့ကြောင်း၊ နှစ်စဉ်လည်း ဆုများစွာရရှိခဲ့ကြောင်း၊ယခုလည်း ပညာရှင်များက ပြိုင်ပွဲဝင်ရုပ်တုများ အားကြိုးမာန်တက် ထုလုပ်နေမှုကို တွေ့ရ၍ အထူးပင် ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ဒါးပိန်မြို့ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးထွန်းငွေက မိမိတို့အနေဖြင့် တပ်မတော်နေ့အထိမ်းအမှတ် ပန်းပုပြိုင်ပွဲကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ မျိုးဆက်သစ်များအားလည်း လက်ဆင့်ကမ်းပညာအမွေပေးပြီး ပြိုင်ပွဲဝင်စေကြောင်း၊ ယခုနှစ်လည်း ပြိုင်ပွဲဝင်၊ ပြပွဲတင် သစ်သားပန်းပု ရုပ်တု ၈၀ ခန့်အထိ တင်သွင်းမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂုဏ်ပြုပြပွဲတင်နှင့်ပြိုင်ပွဲဝင် သစ်သားရုပ်တုများ ထုလုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၈ရက်က အမှတ် ၁၃၀၊ ၁၆လမ်း လမ်းမတော်နေ ဦးကျိုက်ဟင်း-ဒေါ်ကျင်လျှံ သားသမီး မြေးတစ်စုက အလှူငွေကျပ်ခြောက်သိန်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်မင်းကျောင်းလမ်း သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်သို့လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်ဦးက လက်ခံရယူစဉ်။ (က-ပ)

မြတ်မော်တင်ဘုရားပွဲတော်ကာလအတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသင်္ဘောများပြေးဆွဲပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း ငပုတောမြို့နယ် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်ဖူးမြော်လိုသူ ဘုရားဖူးပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးက ရေယာဉ်သစ်ကြီးများဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကာလမှာ လာမည့် မတ် ၁၀ ရက်မှ ၂၃ ရက် အထိဖြစ်ရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ သင်္ဘောများကို မတ် ၉ ရက်မှ ၂၄ ရက်အထိ နေ့စဉ် ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းမှ မွန်းလွဲ ၃ နာရီတွင် လည်းကောင်း၊ ခမောက်မော်မှ နံနက် ၈ နာရီတွင် လည်းကောင်း ပြေးဆွဲပေးမည်ဖြစ်ပြီး လက်မှတ်များကို လမ်းသစ် လက်မှတ်ရုံတွင် ကြိုတင်/နေ့ချင်းစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ရာ မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ လမ်းမတော်ရုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရန်ကုန်မြို့ ဖုန်း-၂၂၂၄၇၂၊ ၂၂၂၄၇၅၊ ၂၂၂၄၆၉ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုသိုလ်ပြုလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရွှေအိုးရပ် ဗိုလ်ချုပ်လမ်းရှိ ပညာရောင်ခြည် သီလရှင်စာသင်တိုက် ရေရရှိရေးလုပ်ငန်းအတွက် အလှူရှင်မိသားတစ်စုက မတည်လှူဒါန်းငွေ ကျပ်သုံးသိန်းဖြင့် မတ်လဆန်းတွင် စတင် အကောင်အထည်ဖော်မည်ဖြစ်ရာ ပါဝင်ကုသိုလ်ပြုလှူဒါန်း လိုပါက တောင်တွင်းကြီး ဖုန်း-၀၆၃-၅၀၃၀၀သို့လည်းကောင်း၊ ရန်ကုန် ဖုန်း-၀၁-၆၁၀၅၀၀ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က မဟာဝိဇယစေတီတော် အရှေ့မြောက်ထောင့်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မွှာရုံ၌ကျင်းပရာ အသင်းနာယက သီရိသုမ္မေဓာဒီဂီ ဒေါ်ရွှေသက်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်မွန်မွန်အောင်အား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေစင်ပြားကပ်လှူရန်နှင့်ဘက်စုံမွမ်းမံရန်ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ရွှေစင်ပြား ငါးမူးသားကပ်လှူရန် အလှူငွေကျပ်တစ်သိန်းနှင့် ဘက်စုံမွမ်းမံခြင်းအတွက် ငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို အမှတ်(၆၀) သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ အလှူရှင် ဒေါ်အေးအေးသန်းနှင့် မောင်နှမတစ်စုတို့က ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ အဝေးရောက် ဂေါပကအကျိုးဆောင် ဦးဆန်းထံ ဖေဖော်ဝါရီ ၁၆ရက်က လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်းကို တပေါင်းလပြည့်နေ့တွင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးဆန်း အမှတ်(၂၁)၊ ပန်းခြံလမ်း၊ စမ်းချောင်းမီးသတ်အနီး၊ စမ်းချောင်းမြို့နယ် ဖုန်း-၀၉-၅၀၀၁-၇၈၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် အကြိမ် (၄၀) မြောက်ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၃ နာရီက ပဲခူးမြို့ ပဲခူးအားကစားကွင်း၌ကျင်းပသည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းက လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ IBTC ကုမ္ပဏီမှ လှူဒါန်းငွေကျပ် လေးသိန်း လေးသောင်း ငါးထောင်နှင့် နိုင်ဂရုပ်(ဆောက်လုပ်ရေးမှ)လှူဒါန်းငွေကျပ် နှစ်သိန်းကို ရဲချုပ်ကိုယ်စား ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက်အသန့်ရှင်းဆုံးအသင်းဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအား အသန့်ရှင်းဆုံးဒိုင်းဆုနှင့် ငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိကြသူများအား ဆုတံဆိပ်နှင့်ငွေကျပ်တစ်သောင်းငါးထောင်စီကိုလည်းကောင်း၊ ဒုတိယရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအား ငွေကျပ်တစ်သိန်းကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဝေက ပထမဆုရရှိသော ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုးက ပထမရရှိသော ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ရေးလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့တော်ရှိ အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ရေးနှင့်အသက်ကယ်ဆယ်ရေးလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်နံနက်က SCG ဒဂုံစင်တာအထပ်မြင့်အဆောက်အအုံ၌(၃၃)မီတာအမြင့်ထောင်နိုင်သည့် ဆုံလည်လှေကားတင်ယာဉ်ဖြင့် လေ့ကျင့်ရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့်၊ စမ်းချောင်းမီးသတ်ဇုန်နယ်မြေမှူး ရဲကျော်သူ ရဲဗလ ရဲသူရကျော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ကြသည်။ **(ယာပုံ)**

အဆိုပါ လေ့ကျင့်မှုတွင် လှေကားတင်ယာဉ်၊ အသက်ကယ်ယာဉ်၊ ရေသယ်ယာဉ်၊ မီးသတ်ယာဉ်များဖြင့် လေ့ကျင့်ကြကြောင်း သတင်းရရှိသည်။ **(က-ပ)**

သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် (၄)ကြိမ်မြောက် အာရှဘိလိယက်တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းမြတ် ခေါင်းဆောင်သော မြန်မာဘိလိယက်အားကစားအဖွဲ့ဝင်ငါးဦးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ (က-ပ)

(၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာလက်ဝှေ့ပါဝင်ယှဉ်ပြိုင်နိုင်ရန် လူရွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရိုးရာလက်ဝှေ့ အားကစားသမားရှစ်ဦးကို ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးရန်အတွက် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက် အထိ လူရွေးပွဲများကျင်းပသွားမည်ဖြစ်ရာ လိုက်ဖလိုင်းဝိတ်တန်း ၄၅-၄၈ ကီလို၊ ဖလိုင်းဝိတ်တန်း ၄၈-၅၁ ကီလို၊ ဘင်တန်ဝိတ်တန်း ၅၁-၅၄ ကီလို၊ ဖယ်သာဝိတ်တန်း ၅၄-၅၇ ကီလိုတန်းများတွင် မြန်မာ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲတစ်ခုခုမှ ဆုတံဆိပ်ရဖူးသူများဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ လူထု/ပညာဌာနမှ နည်းစနစ်မှူး ဦးစန်းငွေသို့ ဆက်သွယ်စာရင်း ပေးနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၄၂)ကြိမ်မြောက်အဖြစ် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၇ ရက် အထိ) ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက် အထိ အသံမစဲ မဟာပဋ္ဌာန်းပွဲ ပူဇော်ပွဲ၊ တပို့တွဲလပြည့်ကျော် ၇ ရက် (မတ် ၂ရက်) ညနေ ၅ နာရီတွင် ပွဲတော်ဖွင့်လှစ်ပွဲ အခမ်းအနား ကျင်းပ၍ (၁၃၆၆ ခုနှစ် တပို့တွဲလကွယ်နေ့) မတ် ၉ရက် ညနေ ၄ နာရီတွင် သံဃာတော်အပါး ၂၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ပွဲတော်ပိတ်သိမ်းပွဲ ကျင်းပမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲများကို မတ် ၂ ရက်မှ ၁၂ ရက်ထိ ဖျော်ဖြေမည် ဖြစ်ပြီး အလှူရှင်များအနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ဘုရားသုံးဆူ တန်ဆောင်း၊ သာသနိကအဆောက် အအုံများ၊ ဗုဒ္ဓဝင်ပြတိုက်၊ တောင်ဘက်မုခ်ဦး စောင်းတန်းများကို ပြုပြင်ဆောက်လုပ်ရန်နှင့် ပွဲတော်ရက် အတွင်း ဆွမ်းကွမ်းဝေယျာဝစ္စအတွက် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့် ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၁၃ ဗိုလ်တထောင်လမ်း ဗိုလ်တထောင်မြို့နယ်နေ ဦးဒွေးကြူ–ဒေါ်အေးသီ မိသားစုက ငွေကျပ်တစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရတနာမာရ်အောင်ဓမ္မရိပ်သာ (၁၄)ကြိမ်မြောက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် နွယ်သာကီလမ်းရှိ ရတနာစံဦးတိုက် ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာတွင် ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၁ရက်အထိ (၁၄) ကြိမ်မြောက် ရန်ကုန်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မြောက်ဦးမြို့ ရတနာမာရ်အောင်ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒ ကိုယ်တိုင်ကြီးမှူး ဖွင့်လှစ်သော ဝိပဿနာအလုပ်ပေး တရားတော်နှင့် နှလုံးအေး သတိပဋ္ဌာန်ရှုမှတ်နည်းတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖေဖော်ဝါရီ ၂၀ရက် ညနေ ၅နာရီအရောက် ရတနာမာရ်အောင် ဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် လူကိုယ်တိုင်သော်လည်းကောင်း၊ ဒေါ်ပို့ပို့ ဖုန်း–၅၄၈၆၈၉၊ ဒေါ်တင်အောင် ဖုန်း–၆၅၁၉၁၁၊ ဒေါ်သိန်းသိန်း ဖုန်း–၃၇၅၅၀၃၊ ဦးသန်းတင် ဖုန်း– ၂၉၆၃၁၂နှင့် ဦးမြသိန်း ဖုန်း–၅၄၃၃၀၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃–၂၀၀၄ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ ဒုတိယတန်း ပထမဆုရ မောင်မင်းဘုန်းညွန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

စာပေအကြောင်းသိကောင်းစရာများဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၁၃၆၆ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းပွဲ အခမ်းအနားကို တပ်ကုန်းမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၂၂ရက် ည ၇နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ လယ်တွင်းသား စောချစ်၊စာရေးဆရာဒေါက်တာ ခင်မောင်ညိုနှင့် စာရေးဆရာ ဒါရိုက်တာမောင်ယဉ်ကျော်တို့က စာပေအကြောင်း သိကောင်းစရာများ ဟောပြောမည်ဖြစ်သည်။

ရွှေပြည်ဟိန်း မဗ္ဗသဘင်ဆောင်အလှူဒါန

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဆောက်လုပ်ဆဲ ဓမ္မသဘင် ကျောင်းဆောင်အတွက် ဟိန်းဆောက်လုပ်ရေးလုပ်သားများ စုပေါင်း၍ အလှူတော်ငွေ ကျပ်လေးသိန်းငါးသောင်းကို ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသီရိ လက်ော်ရထံ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။ **(က–ပ)**

ပြန်ကြားရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး၊ဦးစီးဌာန/လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးစက်ပစ္စည်းများ၊ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဦးစီးဌာန/လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) ဝန်ကြီးရုံး

(၁)	Personal Computer (P_4)	၁ စုံ
(၂)	Laser Printer (A_4)LBP 1120	၁ လုံး
(၃)	Dot Matric Printer (A_4) EPSON	၁ လုံး
(၄)	Plain Paper Copier (Konica 7216)	၁ လုံး

(ခ) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(၁)	Digital Satellite Receiver (INNOVIA)	၅ ခု
(၂)	21" TV Receiver (Sony, Philips,Panasonic)	၅ လုံး
(၃)	14" TV Receiver (Sony, Philips,Panasonic)	၅ လုံး
(၄)	7.5 KVA Generator with water Cooling System (Diesel)(China)	၄ လုံး
(၅)	13 HP Diesel Engine (China)	၄ လုံး
(၆)	VHS VCR (Sony) with Line Recording Function	၄ လုံး
(၇)	VCD Duplicator (Recorder) Wytron CD-298	၄ လုံး
(၈)	2 Ton Aircon Split Type wall Mounted	၁ စုံ
(၉)	Portable Generator 650 W(Honda Japan)	၁ စုံ
(၁၀)	2 KVA UPS Power Ware Back Up Time(20 min)	၂ စုံ
(၁၁)	Micro Cassette (Sony/Panasonic)	၆ လုံး
(၁၂)	50 Hz Meter (220V)	၅၀ ခု
(၁၃)	PA System Equipment	
	– Shure SM 57	၂၀ ခု
	– Marantz PMD 222 (3 Head)	၆ ခု
	– 12 CH Mixer (MACKIE) CFX-20	၆ ခု
	– 1 In 6 Out Spliter (BEHRINGER)	၂ ခု
(၁၄)	Key Board (Organ)	၂ စုံ
(၁၅)	Portable Cassette Recorder	
	– Panasonic RXM 70 Portable Radio Cassette	၄ ခု
	– Sony CFS-1085 SMK II RCR Cassette	၃ ခု
	– Sony CFS-929 SMK II Double-Deck	၁ ခု
(၁၆)	Equipment for MRTV-4 အတွက် စက်ပစ္စည်းများ	၁ စုံ
(၁၇)	Scanner(A_4)	၄ လုံး
(၁၈)	Computer (P_4)	၄ လုံး
(၁၉)	CD writer (Sony)Portable USB Part (20 x 10 x 40)	၁ စုံ
(၂၀)	Laser Jet (A_4)	၁ စုံ
(၂၁)	CD writer (48 x 12 x 48) with IDE Cable	၁ စုံ

(ဂ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁)	Laser Printer(A_4)	၁၂ လုံး
(၂)	UPS (1.2 KVA)Power Tree	၁၂ လုံး
(၃)	Type Writer (Myanmar 18")	၁၅ လုံး
(၄)	Plain Paper Copier (A_3)	၂ လုံး

(ဃ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁)	Pallet Truck	၄ စီး
(၂)	Type Writer (Myanmar 18")Olympia	၁ လုံး

(င) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁)	Digital Camera(Camera Flash Gun Accessories)	၃ စုံ
(၂)	Air Conditioner (1.5 HP)(Split Type,Sanyo)	၁၀ လုံး
(၃)	Digital Photo Copier(A_3) (Konica 7216)	၂ လုံး
(၄)	Duplicating Machine (Superfax)	၂ လုံး

(စ) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(၁)	35 mm Colour Positive Film (2000 ft) (ဖလင်ရိုင်း)	၁၆၃ လိပ်

၂။ တင်ဒါပေးသွင်းမှုကို ၂၈–၂–၂၀၀၅ရက် ၁၄း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅

ပေးပို့

စာပေပြိုင်ပွဲတွင် ဝတ္ထု၊ကဗျာ၊ ဆောင်းပါးများကို ဦးခင်မောင်သန်း(စံပယ်ဦးစာပေ)၊ ဦးမြင့်လွင် (နဝရတ်စာပေ)နှင့် စိုးတင်ညီညီ (သရဝဏ်စာပေ)တို့သို့ ဖေဖော်ဝါရီ ၂၀ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

မီးသုံးစွဲလျှင်
အသိယှဉ်
အစဉ်သတိ
အမြဲရှိ

လက်ထပ်မင်္ဂလာညွှေ့ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်၊ ၆လမ်း၊ အမှတ် ၈/၃၀၊ ရွှေရိပ်မွန်နေ ဦးမောင်ကို–ဒေါ်ရွှေဥ (ရွှေဥသြရွှေဆိုင်၊ အော်စကာရွှေလုပ်ငန်း)တို့၏သား

ကိုလတ် B.Sc (Zoology)

Director, M.G.P.F Co., Ltd. & Eternal Mining Co., Ltd.

နှင့်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် ၆၄၁၊ အခန်း ၂၀၃နေ (ဦးသိန်းမောင်)–ဒေါ်ရီရီမြင့်(ကြယ်စင်နန်းတော်စိန်ရွှေရတနာဆိုင်)တို့၏ သမီး

မကြင်ကြင် B.Sc (Physics)

Managing Director, Glaxy Palace Gems & Jewellery Co., Ltd.

တို့၏၉–၂–၂၀၀၅ရက်တွင်ရွှေရိပ်မွန်နေအိမ်၌မင်္ဂလာဆွမ်းကျွေးတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ၁၀–၂–၂၀၀၅ရက် နံနက်တွင် Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်ထပ်စာချုပ် ချုပ်ဆိုပေးသော ဦးဟန်ရှိန်[ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံးခွဲ(အထက်မြန်မာပြည်၊ မန္တလေး)]၊ မင်္ဂလာမော်ကွန်းတင် လက်ထပ်စာချုပ် ချုပ်ဆိုရာတွင် အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြသော ဦးကျော်ဝင်း–သီဟသုဓမ္မသိင်္ဂီဒေါ်သွင်သွင် (သစ္စာစေတနာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ဦးမြဝင်း–ဒေါ်ခင်စန်းဝင်း(လွယ်ဟိန်းကုမ္ပဏီ)၊ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ မင်္ဂလာဘိသိက် သွန်းလောင်းချီးမြှင့်ပေးပါသော အင်ဂျင်နီယာကြီးဦးအောင်မြင့်၊ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါသော အဆုတ်ရောဂါ အထူးကုဆရာဝန်ကြီး ဦးမြမောင်နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဝင်းမေ(တော်ဝင်စိန်တိုက်)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးကိုကိုကြီး–ဒေါ်မြင့်မြင့်(ဦးမောင်ကြီး စိန်ရွှေရတနာဆိုင်)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဒေါက်တာဝင်းမြင့်–ဒေါက်တာယုယုဝေ (တော်ဝင်အထူးကုဆေးတိုက်)၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော စောင်း မူမူသိန်းနှင့်အဖွဲ့၊ ၁၀–၂–၂၀၀၅ရက် ညနေ Eternal Restaurant မင်္ဂလာညွှေ့ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးဝင်းဆွေ၏မိသားစု၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့်ဇနီး ဒေါ်ခင်မြသန်း၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးကျင်လင်းနှင့် ဇနီး ဒေါ်သန်းသန်းညွန့်၊ ရဲမှူးကြီးအောင်ထွဋ်(တိုင်းရဲတပ်ဖွဲ့မှူး၊ မန္တလေးတိုင်း)၊ ရဲမှူးကြီးအောင်မြင့်၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်ဇနီး ဒေါ်စန္ဒာ၊ မင်္ဂလာပန်းကြဲပေးသော မယဉ်ထွေးမြင့်၊ မကေခိုင်၊ မင်္ဂလာပန်းကုံး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မအိအိခိုင်၊ မအေးမြတ်စိုး၊ ဆံပင်၊ မိတ်ကပ် ဒိုဒိုနှင့်အဖွဲ့၊ ပန်းအလှ Sedona Hotel ဝန်ထမ်းများနှင့် ဦးခင်မောင်ဝင်း၊ မင်္ဂလာဝတ်စုံဆင်ယင်ပေးသော မမဋ္ဌူ၊ မေတ္တာဖြင့် Videoမှတ်တမ်းတင်ပေးသော ဦးကျော်ဝင်း(လှဂုဏ်ရည်)၊ Video° ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးသော စိန်မိုးနှင့်အဖွဲ့၊ မော်တော်ယာဉ်များဖြင့် အကူအညီပေးကြသော မိတ်ဆွေအပေါင်းအသင်းများ၊ Eternal Restaurantပိုင်ရှင် ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်မာလာမြင့်၊ ကြွရောက်ချီးမြှင့်ပေးပါသော မိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ကိုလတ်–မကြင်ကြင်။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်မှတ်ပုံတင်ထားသော သုခစုစံ ကုမ္ပဏီ၏စီစဉ်ဆောင်ရွက်မှုဖြင့် **စင်ကာပူနိုင်ငံ သင်္ဘောကျင်း** တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား အထွေထွေလုပ်သား(အမျိုးသား)များ အလိုရှိပါသည်။

(က) သင်္ဘောကျင်းလုပ်သား (၃၀)ဦး အသက်(၂၀ မှ ၄၀)နှစ်
ပညာအရည်အချင်း(၉)တန်းအောင်၊ အခြေခံလစာ တစ်ရက် S$(20)၊ ဝန်ဆောင်ခ S$ 2300 နှင့်ညီမျှသော မြန်မာကျပ်ငွေ။

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့်မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်နှင့်တိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၂၅–၂–၂၀၀၅နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့်

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ

အမှတ်(၁၀၇)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတား၊ ရန်ကုန်မြို့တွင် **ပိတ်ရက်မရှိ** စုံစမ်းနိုင်ပါသည်။ ဖုန်း–၀၁–၂၅၃၉၅၆။

ဖျာပုံတံတား သံပေါင်တင် မင်္ဂလာအခမ်းအနားကျင်းပ

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်း တက်ရောက်တပ်ဆင်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့နှင့်အတူ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်း ဖျာပုံဘက်ကမ်း၌ ပြုလုပ်သော သံပေါင်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

တပ်ဆင်ပေး

အခမ်းအနား အစီအစဉ်အရ မင်္ဂလာအချိန် နံနက်၇နာရီ မိနစ်၂၀ တွင် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဖျာပုံဘက်ကမ်း တံတားပင်မတိုင် P_1၌ သံပေါင်ကို စတင်တပ်ဆင်ပေးကြပြီး ပရိတ်ရေ၊ အမွှေးနံ့သာများဖြင့် သံပေါင်ကို ပက်ဖျန်းပေးကြသည်။

စီမံဖြည့်ဆည်းပေး

ထို့နောက် ဖျာပုံတံတားရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားလုပ်ငန်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကိုရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က တံတားလုပ်ငန်းများ ဆောလျင်စွာ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီးလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးသည်။

ဖျာပုံတံတား တည်ဆောက်ရေး လုပ်ငန်းမှာ ပင်မတံတားနှင့် ပတ်သက်သော ဘိုးပိုင်နှင့် အပေါ်ထည် လုပ်ငန်းများပြီးစီး၍ ပင်မတံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများစတင်ဆောင်ရွက်ခြင်းဖြစ်သည်။

၃၀ရာခိုင်နှုန်းပြီးစီး

ဖျာပုံတံတား၏ ဒေးဒရဲဘက်ကမ်းချဉ်းကပ်တံတားမှာ အရှည်ပေ ၁၂၃၀၊ ဖျာပုံဘက်ကမ်းချဉ်းကပ်တံတားမှာ ပေ ၁၃၃၀ရှိပြီးစုစုပေါင်း၃၉၃၂ ဒသမ ၇ပေ ရှည်မည့် တံတားဖြစ်သည်။ယခုအခါ ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်းများ ၃၀ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်သည်။

မှာကြားခဲ့

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းအတိုင်း ဆက်လက် ထွက်ခွာလာခဲ့ပြီး ရန်ကုန်-ပုသိမ်လမ်း တာကွေ့-ကဇနီးအပိုင်း မိုင်တိုင် ၃၂/၇-၃၃/၀ အတွင်း လမ်းအထူးအဖွဲ့(၁၆)ကလမ်းသားပြန်လည်ပြုပြင်၍ ကွန်ကရစ်ကတ္တရာခင်းကြိတ်နေမှုများနှင့် ကွန်ကရစ် ကတ္တရာဖျော်စက်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်ဝန်ကြီးက လုပ်ငန်းများကို စနစ်တကျ စီမံ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့ ဖျာပုံတံတား၏ ပင်မတံတားအပိုင်း သံပေါင် စတင်တပ်ဆင်ပေးစဉ်။ (ဆောက်လုပ်ရေး)

တောင်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် (၁၀) ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ ပူးပေါင်း ဖွင့်လှစ်သော ဖေယျာမွန် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့် ပွဲ ကို ဖေဖော်ဝါရီ ၁၂ ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၉၂)

သူနာပြုတက္ကသိုလ်သင်တန်းသားသင်တန်းသူများ အမျိုးသားကျန်းမာရေးပြတိုက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့(၁/၂၀၀၅)သင်တန်းသား သင်တန်းသူများသည် ယမန်နေ့နံနက် ၉နာရီက ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန အမျိုးသား ကျန်းမာရေးပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်များအား ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ကျန်းမာရေးပညာ)ဒေါက်တာဦးခင်မောင်လွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ သူနာပြုတက္ကသိုလ် သင်တန်းသား/သင်တန်းသူများက အုပ်စုသုံးစုခွဲကာ ကိုယ်စားသရုပ်ဆောင်၍ အာဟာရပညာပေးခြင်း၊ သွေးတိုးရောဂါကာကွယ်ရေးပညာပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးခြင်း လုပ်ငန်းများ လက်တွေ့လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် အကောင်းဆုံး သရုပ်ဆောင်နိုင်ခဲ့သည့် အာဟာရ ပညာပေးခြင်းအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူး(ကျန်းမာရေးပညာ)ဒေါက်တာခင်မောင်လွင်က ဆုချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူများသည် အမျိုးသား ကျန်းမာရေးပြတိုက်ရှိ ပြခန်း၊ ပြကွက်များကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် ငိုအားထက် ရယ်အားသန် ဇာတ်ကားမှာ အဆင့်မြင့် ရုံသုံးရုံဖြစ်သော သမ္မတ၊ သွင်၊ မင်္ဂလာရုံများတွင် ဆက်လက် အရှိန်အဟုန်ကောင်းဆဲ ဖြစ်သည်။

အဆင့်မြင့်ရုံသုံးရုံ၌ ငိုအားထက် ရယ်အားသန်ကြဆဲ ရွှေ့ဆောင်ရုံတွင် တစ်ခါကဧရာဝတီညများပြသ

ရုပ်ရှင်သတင်းထောက်

အတွဲညီသော ဇာတ်ညွှန်းဆရာနှင့် ဒါရိုက်တာများ၏ လက်ရာဖြစ်၍ ရယ်စရာမျိုးစုံနှင့်ကြုံရပြီး **ငိုအားထက်ရယ်အားသန်** ရမည့် ဇာတ်ကားဖြစ်သည်။

ဧရာဝတီညများ

ရွှေ့ဆောင်ရုံတွင် **တစ်ခါက ဧရာဝတီညများ** ပြသဆဲ ဖြစ်သည်။ ကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ရန် တိုက်ပွဲဝင်ခဲ့ရသော ဧရာဝတီညများကို မှတ်တမ်းတင်ထားသည့် ဇာတ်ကား ဖြစ်သည်။

အာသာဘုရင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Antoine Fuqua ရိုက်ကူးသည့် King Arthur ဇာတ်ကား ပြသနေသည်။ အာသာဘုရင်၏ သမိုင်းဖြစ်စဉ်ကို မှတ်တမ်းတင်ထားသော ရာဇဝင်ဇာတ်ကား ဖြစ်သည်။

ဇာတ်ညွှန်း အာရုံသစ်နှင့် ငြိမ်းမင်း၊ ဒါရိုက်တာ အာရုံသစ် ရိုက်ကူးသည့် **ဖိုက်ပူမ** ဇာတ်ကား မြို့လယ်နှင့် မြို့ပတ်ရုံများဖြစ်သော စံပြ၊ ရွှေမန်း၊ နဝဒေး၊ ဝဇီရာ (၂)ရုံများတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။ဖိုက်ပူမတွင်နာမည်ကြီး သရုပ်ဆောင်များဖြစ်သော ကျော်ဟိန်း၊ ရန်အောင်၊ ဇော်ဝမ်း၊ ဇော်ခင်နှင့် မေသန်းနုတို့ခေါင်းဆောင်ပြီး သူထူးစံ၊ ဟက်ကက်၊မေကဗျာတို့ပါဝင်သရုပ်ဆောင်ထားသည်။

'ငိုအားထက်ရယ်အားသန်' ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

ချစ်အဏ္ဏဝါ

ရွှေဂုန်ရုံတွင် တစ်ပြိုင်တည်းရုပ်ရှင်ဇာတ်ကားနှစ်ကား ပြသလျက်ရှိရာ အပေါ်ထပ်တွင် အိန္ဒိယဇာတ်ကား Krishna ပြသပြီး မြေညီထပ်တွင် မြန်မာဇာတ်ကား **ချစ်အဏ္ဏဝါ** ပြသလျက်ရှိသည်။ ချစ်အဏ္ဏဝါတွင် လွင်မိုး၊ စိုးသူနှင့် မေသဥ္ဇာဦးတို့ ခေါင်းဆောင် ပါဝင်ထားသည်။

မြို့မရုံတွင် ထူးရုပ်ရှင်ဖြန့်ချိရေးမှ တင်သွင်းသော Dil Hai Tumhaara အိန္ဒိယဇာတ်ကားသစ် ရုံဝင်လာသည်။ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝှိုက်)ရိုက်ကူးသည့် **ပုဂံပြည်မှ ပန်းနံ့သာ**ဇာတ်ကား ရုံဝင်လာမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

'ပုဂံပြည်မှ ပန်းနံ့သာ' ဇာတ်ကားမှ နိုင်းနိုင်း နှင့် နန္ဒာလှိုင်။

'ချစ်အဏ္ဏဝါ' ဇာတ်ကားမှ လွင်မိုးနှင့် မေသဥ္ဇာဦး။

ညောင်ဦးခရိုင်၌ နွေစပါးသီးနှံစိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ညောင်ဦး ဖေဖော်ဝါရီ ၁၀

ညောင်ဦးခရိုင်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးသီးနှံစိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ညောင်ဦးခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက အဖွင့်အမှာစကား ပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးသီးနှံ စိုက်ပျိုးရန် စီမံကိန်းတာဝန်ကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်စိုးထံ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့၌ စုပေါင်းသန့်ရှင်း

တောင်ငူ ဖေဖော်ဝါရီ ၈

တောင်ငူမြို့ စည်ပင်သာယာရေးအဖွဲ့က ကန်တော်ကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က ကန်တော်ကြီးရေပြင်အတွင်း ဗေဒါများ ဆယ်ယူခြင်းနှင့် ဓာတုကလျာ လမ်းဘက်ရှိ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ဦးဆောင်သော စည်ပင်သာယာရေး ဝန်ထမ်းများက စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖေဖော်ဝါရီ ၈ ရက်က အမှတ် ၂၃(က) အဝေယာလမ်း (၁၅) ရပ်ကွက်ဘောက်ထော် ရန်ကုန်မြို့နေ ဦးကျော်-ဒေါ်စိုးတင့် မိဘနှစ်ပါး အမှူးထား၍ ဦးကျော်ဝင်း-ဒေါ်နုနုရီ၊ သားမောင် ဇော် မျိုးဟိန်းနှင့် မဝေဝေတင် တို့က ဖျာပုံ

မြို့ ထန်းပင်ကျောင်း၊ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ (နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်) ဘဒ္ဒန္တ ဝေပုလ္လထံ ကွန်ပျူတာတစ်စုံကို ရေစက်ချဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တီးတိန်မြို့ ရေဖူလုံရေး ပိုက်လိုင်းများတပ်ဆင်

တီးတိန် ဖေဖော်ဝါရီ ၈

တီးတိန်မြို့တွင် ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန်အတွက် မြို့တွင်း ရေပိုက်လိုင်းများ ပြောင်းလဲ တပ်ဆင်ခြင်းနှင့် တပ်ဆင်ထားသော ပိုက်လိုင်းများ ကြံ့ခိုင်မှုရှိရေးအတွက် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွန်ဆန်းတို့က စည်ပင်သာယာရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်မှုကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညိုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းလိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပြုပြင်ရေးနှင့် မြို့သာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကိုကို ဇန်နဝါရီ၂၆ရက်က တည်ဆောက်ပြီးစီးသွားသော မြို့အဝင်ဆိုင်းဘုတ်ကို ကြည့်ရှုစစ်ဆေးစဉ်။(ခရိုင် ပြန်/ဆက်)

တောင်ကြီးမြို့ ကိုယ်ပွားသတင်းစာတိုက်ခွဲ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော၊ သရုပ်ပြ

တောင်ကြီး ဖေဖော်ဝါရီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်ခွဲ တောင်ကြီးမြို့၏ မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြသပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါ ကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာတည်း ဦးနိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်တပ်ဖွဲ့မှူးဦးညိုအေးက မီးလောင်မှုအမျိုးအစားများ၊ မီးငြိမ်းသတ် နည်း အမျိုးအစားနှင့် အသုံးပြုရမည့် ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားက**(အပေါ်ပုံ)** လက်တွေ့မီးငြိမ်းသတ် နည်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို သတင်းစာတိုက်ဝန်ထမ်းများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တောင်ကြီးဇုန်နယ်မှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။

(က-ပ)

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၂၁-၂-၂၀၀၅ (တနင်္လာနေ့)

- **နံနက် ၉:၀၀ နာရီမှ ၁၀:၄၅နာရီအထိ - သမိုင်း**
- **နံနက် ၁၀:၄၅ နာရီမှ ၁၁:၃၀နာရီအထိ - စိတ်ကြိုက်မြန်မာစာ**
- **နံနက် ၁၁:၃၀ နာရီမှ ၁၂:၃၀နာရီအထိ - ခေတ္တရပ်နားချိန်**
- **မွန်းလွဲ ၁၂:၃၀ နာရီမှ ၁၃:၄၂နာရီအထိ - ပထဝီဝင်**

-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ

၂၂-၂-၂၀၀၅ (အင်္ဂါနေ့)

- The Shell Model
  - တတိယနှစ် ရူပဗေဒအထူးပြု
- Homeostasis
  - ပထမနှစ် သတ္တဗေဒ အထူးပြု

၂၃-၂-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- Aquatic Biome
  - ဒုတိယနှစ် သတ္တဗေဒ အထူးပြု
- External Features and Treatment of Ascaris Lumbricoides
  - ပထမနှစ် သတ္တဗေဒ အထူးပြု

၂၄-၂-၂၀၀၅ (ကြာသပတေးနေ့)

- Malarial Parasites of Man
  - တတိယနှစ် သတ္တဗေဒ အထူးပြု
- Learning & Methods of Practice
  - ဒုတိယနှစ် စိတ်ပညာအထူးပြု

၂၅-၂-၂၀၀၅ (သောကြာနေ့)

- The Role of the Headmaster
  - B.Ed(ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- Three Focal Points
  - B.Ed(ပထမနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၆-၂-၂၀၀၅ (စနေနေ့)

- **နံနက် ၉:၀၀ နာရီမှ ၁၀:၂၅နာရီအထိ - မြန်မာစာ**
- **နံနက် ၁၀:၂၅ နာရီမှ ၁၁:၀၅နာရီအထိ - အင်္ဂလိပ်စာ**
- **နံနက် ၁၁:၀၅ နာရီမှ ၁၂:၀၀နာရီအထိ - သင်္ချာ**
- **မွန်းတည့် ၁၂:၀၀ နာရီမှ ၁၃:၀၀နာရီအထိ - ခေတ္တရပ်နားချိန်**
- **မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၁၃နာရီအထိ - ဇီဝဗေဒ**

-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ

၂၇-၂-၂၀၀၅ (တနင်္ဂနွေနေ့)

- **နံနက် ၉:၀၀ နာရီမှ ၁၁:၀၀နာရီအထိ - ဓာတုဗေဒ**
- **နံနက် ၁၁:၀၀ နာရီမှ ၁၁:၃၀နာရီအထိ - ဘောဂဗေဒ**
- **နံနက် ၁၁:၃၀ နာရီမှ ၁၂:၃၀နာရီအထိ - ခေတ္တရပ်နားချိန်**
- **မွန်းလွဲ ၁၂:၃၀ နာရီမှ ၁၅:၃၀နာရီအထိ - ရူပဗေဒ**

-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ

ပြည်ထောင်စုနေ့ဂုဏ်ပြု ကျေးရွာဘောလုံးပြိုင်

ကညွတ်ကွင်း ဖေဖော်ဝါရီ ၁၂

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် (၅၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျေးရွာပေါင်းစုံ ဘောလုံး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ရက် မွန်းလွဲ ၂နာရီက ကညွတ်ကွင်းမြို့ အားကစား ပြိုင်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကညွတ်ကွင်းကွင်းနောက်ဥက္ကဋ္ဌဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကညွတ်ကွင်းမြို့ ကွင်းရှေ့ဥက္ကဋ္ဌဦးစံမြင့်က ဘောလုံးကန်၍ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါ ကျေးရွာဘောလုံး ပြိုင်ပွဲတွင် ကျေးရွာအုပ်စုမှ အသင်း ၂၀ပါဝင်သည်။ **(၁၇၆)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၄) ရပ်ကွက်နှင့် ရွာမကျေးရွာ ဆက်စပ်လျက်ရှိသော အုတ်ခုံ၊ ပျဉ်ခင်းတံတားကို ဇန်နဝါရီ၁၅ရက်က ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးလှဦးနှင့် လက်ထောက် အင်ဂျင်နီယာဦးအောင်မျိုးဝေတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်က စဉ်ဆက်မပြတ် ကျင့်သုံးနေသော လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒ ဆက်လက်ရှင်သန်ရေးနှင့် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး ရှေးရှု နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် အခြေခံမူများ ပြည်ထောင်စုဥပဒေပြုစာရင်း၌ ထည့်သွင်းရန်ဆွေးနွေးတင်ပြ

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိ ဦးထွန်းရင်လောနှင့် ဦးယောအေးလှတို့၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိများဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှတို့၏ ရှင်းလင်းတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့်

စာမျက်နှာ ၆ ကော်လံ ၁ *



ဦးထွန်းရင်လောရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဦးယောအေးလှရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကမ္ဘာပေါ် ရှိနိုင်ငံများသည် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာများ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းပေးသည်ကို တွေ့ရ

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိ ဦးမောင်လှ(ခ)ဦးလှမြင့်၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စားအလှည့်ကျသဘာပတိ တိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၏ ရှင်းလင်းတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်းလျာထားချက်ကဏ္ဍ ၁၁ခုထဲမှ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြ ချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာအခြေခံရမည့်မူများ

၂၀၀၄ ခုနှစ် မေလ ၁၈ ရက်နေ့တွင်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက "ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းတွင်ပါဝင်သည့် ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကလည်း ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်တင်ရေးနှင့် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ရှေးရှုပြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာ အခြေခံရမည့်မူအချို့ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊

စာမျက်နှာ ၁၀ ကော်လံ

ဦးမောင်လှ(ခ)ဦးလှမြင့်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၊ ညစာ တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တွေ့ဆုံ၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံတွင် သတင်းရယူရန် လာရောက်ကြသည့် ပြည်ပရှိ နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)